# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ပဉ္စမပုံမှန်အစည်းအဝေး

# (၄၄) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) ချောက်မြို့တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်သင်ကြားပေးနိုင်မှု ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၇ | (ခ) မူလတန်းအရွယ်ကလေးများ၏ အခမဲ့ မသင်မနေရ ပညာရေးစနစ်ကို အပြည့်အဝ အကောင်အထည် ဖော်နိုင်ရေးအတွက် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | (ဂ) (၄)တန်းနှင့် (၈)တန်းများကို သက်ဆိုင်ရာကျောင်းများတွင်သာ အတန်းတင်စာမေးပွဲစစ်ရန်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲများကို အခြေခံပညာတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာကြီး၊ ဆရာမကြီးများကို တာဝန်ပေးရန်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲမေးခွန်း ဘာသာတွဲ(၈)တွဲမှ မလိုအပ်သော ဘာသာတွဲများကို ဖြုတ်သိမ်းရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | (ဃ) ကော့သောင်းခရိုင်တွင် ခရိုင်ပညာရေးမှူးရုံး ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၁၀ | (င) အခြေခံပညာ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများတွင် စာကြည့်တိုက်တာဝန်ခံ သို့မဟုတ် ကျောင်းစာကြည့်တိုက်ဆရာ၊ ဆရာမများ ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၀ |
| ၁၁ | (စ) မတူပီမြို့နယ်၊ အ.ထ.က(ခွဲ) ဖနိုင်ကျောင်းဆောင်အမှတ်(၁) အန္တရာယ်ဆောင်အား ဖြိုဖျက်ခွင့်ပြုရန်နှင့် တိုးချဲ့ဆောင်သစ် (၄)ခန်းတွဲ | ၂၃ |

နှစ်ထပ်စာသင်ဆောင်(သံကူကွန်ကရစ်)အား ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

၁၂ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင် ကြောင်း လွှတ်တော်သို့ တင်ပြခြင်း ၂၆

၁၃ ဦးလင်းလင်းဦး၊ တနိုင်းမဲဆန္ဒနယ်၏ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ် နှင့် ဖားကန့်မြို့နယ်တို့တွင် တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို ယခုလိုနှောင်အခါ မဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက် ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၃၄

၁၄ ဦးလင်းလင်းဦး၊ တနိုင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၅၇

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄) ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၅) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၆၀

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၄၄)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၄-၈-၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၏ **ချောက်မြို့တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း တစ်ကျောင်းဖွင့်လှစ်သင်ကြားပေးနိုင်မှု ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **မူလတန်းအရွယ် ကလေးများ၏ အခမဲ့ မသင်မနေရ ပညာရေးစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးအတွက် မည်သို့ စီစဉ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းအောင်၊ မိုးမောက် မဲဆန္ဒနယ်၏ **(၄)တန်းနှင့်(၈)တန်း များကို သက်ဆိုင်ရာကျောင်းများတွင်သာ အတန်းတင်စာမေးပွဲစစ်ရန်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲမေးခွန်းများကို အခြေခံပညာတွင်**

**တာဝန်ထမ်းဆောင် နေကြသော ဆရာကြီး၊ ဆရာမကြီးများကို တာဝန်ပေးရန်၊ တက္ကသိုလ် ဝင်တန်း စာမေးပွဲမေးခွန်း ဘာသာတွဲ (၈)တွဲမှ မလိုအပ်သော ဘာသာတွဲများကို ဖြုတ်သိမ်းရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၏ **ကော့သောင်းခရိုင်တွင် ခရိုင်ပညာရေးမှူးရုံး ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတင်လှ၊ ခနုဖြူ မဲဆန္ဒနယ်၏ **အခြေခံပညာအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများတွင် စာကြည့်တိုက်တာဝန်ခံ သို့မဟုတ် ကျောင်းစာကြည့်တိုက် ဆရာ၊ ဆရာမများ ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **မတူပီမြို့နယ်၊ အ.ထ.က(ခွဲ) ဖနိုင်ကျောင်းဆောင်အမှတ်(၁) အန္တရာယ်ဆောင်အား ဖြိုဖျက်ခွင့်ပြုရန်နှင့် တိုးချဲ့ဆောင်သစ် (၄)ခန်းတွဲ နှစ်ထပ်စာသင်ဆောင် (သံကူကွန်ကရစ်) အား ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးပို့သော **"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အဆို အပေါ် ပြင်ဆင်ချက် တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ ဦးလင်းလင်းဦး၊ တနိုင်း မဲဆန္ဒနယ်၏ **"ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့် မြို့နယ်တို့တွင် တရားမဝင် ရွှေမှော် နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို ယခုလိုနောင်အခါ မဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ခ) ဦးဝင်းနိုင်၊ မိုးကောင်း မဲဆန္ဒနယ်၊

(ဂ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၊

(ဃ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(င) ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနား မဲဆန္ဒနယ်၊

(စ) ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဆ) ဗိုလ်မှူးရဲထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဇ) ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ၊ တပ်မတော်သားကိုယ်စားလှယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
## (၄၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
## (၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၄ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို နံနက် ၁၀း၁၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၁၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၃၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၂) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊

(၃) ပုဗ္ဗန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၄) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၁ ရက်၊

(၅) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၁ ရက်၊

(၆) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊

(၇) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် ခွင့် ၅ ရက်၊

(၈) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၂ ရက်၊

(၉) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၀) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊

(၁၁) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၁၂ ရက်၊

(၁၂) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၂ ရက်၊

(၁၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၁၄) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၁၅) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၂ ရက်၊

(၁၆) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဘွေး ခွင့် ၁ ရက်၊

(၁၇) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၂ ရက်၊

(၁၈) လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ခွင့် ၂ ရက်၊

(၁၉) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်၊

(၂၀) ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် ၁ ရက်၊

(၂၁) မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ခွင့် ၁ ရက်၊

(၂၂) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်နှင့်

(၂၃) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်

(၂၄) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၁ ရက်

(၂၅) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၃ ရက်

(၂၆) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဘွေးဝင်း ခွင့် ၁ ရက်

(၂၇) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်နှင့်

(၂၈) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ချောက်မြို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်းတစ်ကျောင်းဖွင့်လှစ်သင်ကြားပေးနိုင်မှုရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကျွန်တော်တို့ ချောက်မြို့မှာ အစိုးရနည်းပညာအထက်တန်းကျောင်း (GTHS ကျောင်း) ဖွင့်လှစ်သင်ကြားပေးနိုင်မှုရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို ပြည်သူများကိုယ်စား မေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ချောက်မြို့ရှိ ပြည်သူအများစုမှာ ပြည်သူ့ဝန်ထမ်းများဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်သူ့ဝန်ထမ်းအလုပ်မှလွဲ၍ စီးပွားရေးကိုမလုပ်ကိုင်နိုင်ကြတဲ့ ပြည်သူများဖြစ်ပါတယ်။ အပူပိုင်းဒေသဖြစ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်ခက်ခဲပါတယ်။ တက္ကသိုလ်အသက်မွေးဝမ်းကျောင်းများသို့ တိုက်ရိုက်သင်ကြားနိုင်ရေး (၁၀)တန်းအောင်ရန် သီးသန့်ကျောင်းများ၊ ကျူရှင်များ မတက်ရောက်နိုင်တဲ့၊ ငွေကြေးချို့တဲ့တဲ့ကျောင်းသားတွေအတွက် တက္ကသိုလ်ပညာသင်ယူရန် ခက်ခဲပါတယ်။ စီးပွားရေးတိုးတက်ရန်နှေးကွေးတဲ့မြို့မှာရှိတဲ့ လူငယ်များဘဝအတွက် လျှောက်လှမ်းရမည့် ကောင်းမွန်တဲ့လမ်းများဟာ ပျောက်နေသလိုဖြစ်ပါတယ်။ အမှန်မှာတော့ တက္ကသိုလ်ပညာများသင်ယူပြီး ဘွဲ့ရပြီးသော်လည်း အလုပ်များရရှိရန် ခက်ခဲမှုများ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် မိဘများအနေနဲ့ အသက်မွေးဝမ်းကျောင်းကိုအထောက်အကူပြုသော၊ ငွေကြေးအကုန်အကျသက်သာသော၊ ဘဝအတွက်လမ်းကြောင်းမှန်လျှောက်လှမ်းနိုင်သော စသည့်ထောက်ပံ့မှုများပေးမယ့် အစိုးရနည်းပညာအထက်တန်းကျောင်းတစ်ကျောင်း ချောက်မြို့တွင် ဖွင့်လှစ်သင်ကြားပေးရန် လွန်စွာမျှော်လင့်တောင့်တနေကြပါတယ်။ ထိုမှတစ်ဆင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၊ အစိုးရနည်းပညာတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိကြမှာဖြစ်ပါတယ်။ ယခင်အစိုးရကာလတွေမှာ GTHS ကျောင်းမှ GTI တစ်ဆင့် RIC တက်ပြီးတော့ အင်ဂျင်နီယာဘွဲ့ရရှိသူတွေဟာ အစိုးရဌာနတွေမှာ ညွှန်ကြားရေးမှူးတွေ၊ ဦးဆောင်ညွှန်ကြားရေးမှူးအထိ တာဝန်ထမ်းဆောင်နေသူများ တွေ့နေရသလို ဒီ GTHS မှ

အောင်မြင်ပြီးတော့ ကြိုးစားအားထုတ်ခဲ့တဲ့ လက်ရှိကုမ္ပဏီကြီးများပိုင်ရှင် ပိုင်ဆိုင်တဲ့သူတွေအဖြစ်လည်း မြင်တွေ့နေရပါတယ်။

ယခု ဒီမိုကရေစီအစိုးရလက်ထက်မှာ အသက်မွေးဝမ်းကျောင်းကို တိုက်ရိုက်ထိရောက်စေမည့် အစိုးရစက်မှုလက်မှုအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးရန် အထူးလိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အစိုးရနည်းပညာအထက်တန်းကျောင်းအနေနဲ့ ၃၅ ကျောင်းရှိတဲ့အနက် မကွေးတိုင်းဒေသကြီးမှာ မကွေးနဲ့ ပခုက္ကူနှစ်မြို့တွင်သာ ရှိပါတယ်။ အခြေခံပညာအလယ်တန်းကျောင်း (၈)တန်းအောင်မြင်သူကနေပြီးတော့ GTHS ကျောင်းကိုလျှောက်ထားခွင့်ရှိပါတယ်။ တစ်နှစ်မှာ ကျောင်းသားဦးရေ ၃၂၀ အထိ ပညာသင်ကြားခွင့်ရပါတယ်။ နိုင်ငံတော်မှ ပညာသင်နှစ်နှစ်အတွက် ပညာသင်ကြားနေတဲ့ကျောင်းသားတွေ ကျောင်းသူတွေကို တစ်လမှာကျပ် ၃၀၀၀၀ ဖြင့် ထောက်ပံ့ပေးပါမယ်။ စာမေးပွဲကျပါက ထောက်ပံ့ကြေးက ရပ်ဆိုင်းမယ်လို့ သိရပါတယ်။ အစိုးရနည်းပညာအထက်တန်းကျောင်းဖွင့်လှစ်ပေးရန် ဘတ်ဂျက်အခြေအနေ နှစ်ပိုင်း ဆွေးနွေးတင်ပြလိုပါတယ်။ ပထမပိုင်းအနေနဲ့ကတော့ ၂၀၁၈-၂၀၁၉ ခုနှစ်မှ ကျောင်းဖွင့်နိုင်ရေးအတွက် GTI(ချောက်) တာဝန်ရှိသူနဲ့ ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ခွင့်ပြုပါက GTHS ကျောင်းကို တစ်နှစ်အတွက် GTI တွင် ပူးတွဲဖွင့်လှစ်ပေးရန် ကြိုးစားပေးမည်ဖြစ်ကြောင်း သိရှိရပါတယ်။ သို့ပါ၍ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ထည့်သွင်းတင်ပြရယူပေးပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ GTHS ကျောင်း ဖွင့်နိုင်မည်ဖြစ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်ကို တင်တဲ့အခါမှာ ပြန်အပ်တဲ့အသုံးစရိတ်ပေါင်း စုစုပေါင်းမှာ ကျပ် ၂၄၀၁.၅၉၅ ဘီလီယံဖြစ်ကြောင်းနှင့် Cooperated Social Responsibility (CSR) လူမှုဖွံ့ဖြိုးရေးအထောက်အကူပြုတဲ့လုပ်ငန်းတွေ ချောက်မြို့အပါအဝင် ခွင့်ပြုငွေများမှာ မသုံးဖြစ်လို့ပြန်အမ်းငွေကလည်း ကျပ် ၆.၅၄၂ ဘီလီယံဖြစ်ကြောင်း ဖော်ပြပါတယ်။ ထို့အပြင် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြန်အပ်ငွေက ကျပ် ၁.၂၈၈ ဘီလီယံဖြစ်ကြောင်း သိရှိရပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် စစ်ဆေးတွေ့ရှိတဲ့ အစီရင်ခံစာအပေါ်မှာလည်း သုံးသပ်အကြံပြုထားရာမှာ ပညာရေးကဏ္ဍတွင် လက်တွေ့အသုံးချနိုင်သည့် ပညာရေးဖြစ်စေ၊ နိုင်ငံတော်၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် နည်းပညာအသက်မွေး

ဝမ်းကျောင်းများ ဖန်တီးပေးရေး စသည့် ပညာရေးကဏ္ဍအသုံးစရိတ်များတွင် ပိုမိုရင်းနှီးမြှုပ်နှံပေးရန် လိုအပ်ကြောင်း ဖော်ပြထားပါတယ်။ သို့ပါ၍ နိုင်ငံတော်အတွက်အရေးကြီးတဲ့ ပညာရေးဝန်ကြီးဌာန အနေနဲ့ လိုအပ်တဲ့ဘတ်ဂျက်များရရှိရန် အခြားဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီးဆောင်ရွက်ပြီးတော့ အစိုးရ အဖွဲ့သို့ တင်ပြပေးစေလိုပါတယ်။ ချောက်မြို့မှာ အစိုးရနည်းပညာအထက်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးပါက ချောက်မြို့နယ်ရှိ ကျောင်းသားကျောင်းသူများသာမက အခြားမြို့နယ်များမှ ကျောင်းသားကျောင်းသူများအပါ အသက်မွေးဝမ်းကျောင်းပညာ သင်ယူတတ်မြောက်ကြမည့် နိုင်ငံ အတွက် များစွာအကျိုးကျေးဇူးများ ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့ တွင် အစိုးရနည်းပညာအထက်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်သင်ကြားပေးနိုင်မှုရှိ/မရှိကို ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးဖြစ်သော ဦးဘိုကြီး၏ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း(GTHS ကျောင်း) ဖွင့်လှစ်သင်ကြားပေးနိုင်မှုရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းလို့ ဖြေကြားသင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားပညာရေးဥပဒေ နှင့်အညီ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာနှင့် အသက်မွေးပညာကဏ္ဍများမှာ တစ်ဆင့်ပြီး တစ်ဆင့် မြှင့်တင်ဆောင်ရွက်ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသ ကြီးအတွင်းမှာ အစိုးရစက်မှုလက်မှုသိပ္ပံများအဖြစ် ဂန့်ဂေါ၊ ချောက်၊ ရေနံချောင်း၊ သရက်နှင့် မကွေး တို့မှာ ဖွင့်လှစ်ထားပြီး AGTI Diploma သုံးနှစ်သင်တန်းများနှင့် ဒေသအတွက် လိုအပ်ချက်ကိုက်ညီ တဲ့ကာလတို အသက်မွေးပညာသင်တန်းများ သင်ကြားပေးလျက်ရှိပါတယ်။ ဒါ့အပြင် အစိုးရ နည်းပညာအထက်တန်းကျောင်းများဖြင့် မကွေးနှင့်ပခုက္ကူတို့မှာဖွင့်လှစ်ထားပြီး GTHS

နှစ်နှစ်သင်တန်းများနှင့် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော ကာလတိုအသက်မွေးပညာသင်တန်းများ ဆောင်ရွက်ပေးပါကြောင်း တင်ပြအပ်ပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာ အစိုးရစက်မှုလက်မှုသိပ္ပံ ငါးကျောင်းနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းနှစ်ကျောင်းတို့သည် ချောက်မြို့နှင့် နီးစပ်ရာမြို့များမှာ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိတဲ့အတွက် ယခု လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ နည်းပညာအထက်တန်းကျောင်းအသစ် ချောက်မြို့မှာ ဖွင့်လှစ်ရန် ဘဏ္ဍာငွေလျာထားခြင်း မရှိပါကြောင်းနှင့် ဖွင့်လှစ်ရန်အစီအစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော် စောစောက တင်ပြသလို နည်းပညာနှင့် အသက်မွေးပညာကဏ္ဍသည် ဒါ မလွဲမသွေချဲ့ထွင်ဆောင်ရွက်ရမယ့် လုပ်ငန်းများဖြစ်ပါတယ်။ ခရိုင်မြို့ကြီးများအားလုံးအထိ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေလျာထားချက်နှင့်အညီ ဆောင်ရွက်နိုင်ချိန်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ပူးပေါင်းဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**မူလတန်းအရွယ်ကလေးများ၏ အခမဲ့မသင်မနေရပညာရေးစနစ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသော ဧည့်သည်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံလူဦးရေရဲ့ ၁၂ သန်းကျော်က ကလေးများဖြစ်ကြပါတယ်။ အသက်(၅)နှစ်မှ(၁၁)နှစ်ကြား မူလတန်းအရွယ်ကလေးခြောက်သန်းကျော်ရှိတယ်လို့ သုတေသနမှတ်တမ်းများအရ သိရှိရပါတယ်။ မူလတန်းအရွယ်ကလေးများရဲ့ ၁၁ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းကြား အရေအတွက်အားဖြင့် ၆၀၀၀၀ ကျော်က စာသင်ခန်းထဲမှာ စာသင်ကြားနိုင်ခြင်းမရှိဘဲဖြစ်နေတယ်လို့ သိရှိရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်နိုင်ပါတယ်။ စစ်ဘေးရှောင်တွေလည်းဖြစ်နိုင်ပါတယ်။ မိဘတွေက ကျောင်းမထားနိုင်တာလည်းဖြစ်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ တွင် နိုင်ငံတော်သည်မူလတန်းအရွယ်ကလေးများ၏ မသင်မနေရအခမဲ့ပညာရေးစနစ်ကို ကျင့်သုံးမည်ဟုပြဋ္ဌာန်းထားရှိပါတယ်။ မူလတန်း

အရွယ်ကလေးများ အပြည့်အဝစာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် မည်သို့စီစဉ်ထားသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာစောနိုင်ရဲ့ မေးခွန်းဖြစ်သော မူလတန်းအရွယ်ကလေးများ၏ အခမဲ့မသင်မနေရပညာရေးစနစ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများအနေဖြင့် မည်သို့စီစဉ်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအား ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၆ ပုဒ်မခွဲ(ခ)မှာ ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ည)တွင် အခမဲ့မသင်မနေရမူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေးဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာမူလတန်းအဆင့်မှာ အခမဲ့ပညာရေးအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်အခမဲ့ဖြန့်ဝေမှုအပြင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ အမျိုးသားပညာရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း အခမဲ့မသင်မနေရမူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ထိ မူလတန်းအဆင့်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်နဲ့ ဗလာစာအုပ်များကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှ ကျောင်းသုံးပုံနှိပ်စာအုပ်အခမဲ့ဖြန့်ဝေမှုကို အထက်တန်းအဆင့်ထိတိုးချဲ့ဆောင်ရွက်၍လည်းကောင်း၊ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံအခမဲ့ဖြန့်ဝေပေးမှုကိုပါ ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

ဒါကြောင့် ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အထိ ကျောင်းသုံးပုံနှိပ်စာအုပ်အခမဲ့ဖြန့်ဝေမှုကို အထက်တန်းအဆင့်ထိလည်းကောင်း၊ ဗလာစာအုပ်နှင့်ကျောင်းသုံးစာအုပ်အခမဲ့ဖြန့်ဝေမှုကို မူလတန်းအဆင့်စသည်ဖြင့် နိုင်ငံတော်ဘဏ္ဍာငွေခွင့်ပြုချက်ရရှိမှုအပေါ် မူတည်ပြီး တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့လည်း အခမဲ့ မသင်မနေရပညာရေးစနစ် အကောင်အထည်ဖော်မှုအဖြစ် ကျောင်းနေအရွယ်ကလေးများ စာရင်းကောက်ယူ၍ ကျောင်းအပ်နှံရေးနေ့ရက်သတ္တပတ်သတ်မှတ်ဆောင်ရွက်ခြင်း၊ ကျောင်းဖွင့်ချိန်မှာ ကျောင်းအပ်နှံခြင်းမရှိသေးတဲ့ ကျောင်းနေအရွယ်ကလေးငယ်တွေကို ကျောင်းအပ်နှံနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းနှင့်ပူးပေါင်းခြင်း၊ ကျောင်းသားမိဘများအား စည်းရုံးဆောင်ရွက်ခြင်း၊ အစိုးရပိုင်သတင်းစာ၊ ရုပ်မြင်သံကြားအစီအစဉ်များကနေ စည်းရုံးအသိပေးခြင်း၊ အခမဲ့ထောက်ပံ့မှုပေးခြင်းတွေကို နိုင်ငံတစ်ဝန်းသိရှိနိုင်စေဖို့အတွက် ထည့်သွင်းဖော်ပြဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းနေအရွယ်ကလေးတွေကို ကျောင်းကိုလာရောက်ကျောင်းအပ်နှံပြီဆိုတာနဲ့ မူလတန်းအဆင့်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများကို အခမဲ့ ထောက်ပံ့ပေးပြီး မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေး၊ စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမှ ကောက်ခံခြင်းမပြုရန်၊ အလယ်တန်းအဆင့်နှင့်အထက်တန်းအဆင့်များအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များအခမဲ့ဖြန့်ဝေပေးပြီး မည်သည့်အခကြေးငွေကိုမှ ကောက်ခံခြင်းမပြုဖို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းပြီးနောက် ဥပဒေနှင့်အညီ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကိုလည်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီစီမံကိန်းပါ ကဏ္ဍများအလိုက် အခြေခံပညာရေးကို ကျောင်းနေအရွယ်ကလေးတိုင်း သင်ကြားခွင့်ရရှိစေရေးကိုရည်ရွယ်ပြီး ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံ၊ ပညာသင်ထောက်ပံ့ကြေး၊ KG Kids အစရှိသည်ဖြင့် အခမဲ့ဖြန့်ဝေပေးဖို့အတွက် လိုအပ်သောဘဏ္ဍာငွေများကိုလည်း နှစ်စဉ်တိုးမြှင့်ထည့်သွင်းလျာထားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၁၅ ခုနှစ်)၏ ပုဒ်မ ၃၁ တွင်လည်း နိုင်ငံတော်၏ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်၏အသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ ရရှိစေရေးအတွက် ရည်မှန်းထားရှိဆောင်ရွက်ရမည်ဟုလည်း ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလတန်းအရွယ်ကလေးများရဲ့ အခမဲ့

မသင်မနေရပညာရေးစနစ်ကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားပညာရေးဥပဒေနှင့်အညီ ရေးဆွဲဆောင်ရွက်လျက်ရှိသော အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း(၂၀၁၆-၂၀၂၁)အတိုင်း ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ မေးခွင့်ပြုပါခင်ဗျား။ ကျွန်တော် မေးချင်တဲ့ရည်ရွယ်ချက်က စာသင်ခန်းထဲမှာ စာသင်ကြားနိုင်ခြင်းမရှိတဲ့ကလေးတွေအတွက်ပေါ့နော်။ သက်ဆိုင်ရာဌာနအနေနဲ့ ဘယ်လိုရည်ရွယ်ထားတယ်ဆိုတာ အဲဒါလေးသိချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ပညာရေး စီမံကိန်းများဆောင်ရွက်ရာမှာ All of Inclusive ပေါ့နော်။ လူတိုင်းအကျုံးဝင်ပညာရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအစိုးရသစ်လက်ထက်မှာ ဦးစီးဌာနအသစ် Alternative Education ကျောင်းပြင်ပနဲ့တစ်သက်စာပညာရေးဦးစီးဌာနကို ကျွန်တော်တို့ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒီဦးစီးဌာနအနေဖြင့် သက်တမ်းအားဖြင့်နုနယ်သေးသော်လည်း ပြည်နယ်လုံးကျွတ်စာတတ်မြောက် ရေး၊ အချို့သောမြို့နယ်တွေမှာ ဒေသဆိုင်ရာအာဏာပိုင်များနဲ့ညှိနှိုင်းပြီးတော့ အကြောင်းကြောင်း ကြောင့် ကျောင်းပြင်ပမှာရောက်နေတဲ့ ကလေးများအတွက် ပညာရေးကိုဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**(၄)တန်းနှင့်(၈)တန်းများကို သက်ဆိုင်ရာကျောင်းများတွင်သာ အတန်းတင်စာမေးပွဲစစ်ရန်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲများကို အခြေခံပညာတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာကြီး၊ ဆရာမကြီးများကို တာဝန်ပေးရန်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲမေးခွန်း ဘာသာတွဲ(၈)တွဲမှ မလိုအပ်သော ဘာသာတွဲများကို ဖြုတ်သိမ်းရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းအောင်(မိုးမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကာယစိတ်တ၊ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းပို့သပြီး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ (၄)တန်းနှင့်(၈)တန်းတွေကို သက်ဆိုင်ရာကျောင်းများတွင်သာ အတန်းတင်စာမေးပွဲစစ်ရန် အစီအစဉ်ရှိ/မရှိ။ တက္ကသိုလ်ဝင်တန်းစာမေးပွဲ မေးခွန်းများကို အခြေခံပညာတွင် တာဝန်ထမ်းဆောင်နေသော ဆရာကြီး၊ ဆရာမကြီးများကို တာဝန်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲမေးခွန်း ဘာသာတွဲ(၈)တွဲမှ မလိုအပ်တဲ့ ဘာသာတွဲများကို ဖြုတ်သိမ်းရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်ဖို့ အဘက်ဘက်ကမြင့်တင်ချင်တယ်ဆိုရင် ပညာရေးမြှင့်တင်မှုက အလွန်ပင်အရေးကြီးလှပါတယ်။ ပညာရေးမြှင့်တင်ဖို့ဆိုရင် မူဝါဒတွေခိုင်ခိုင်မာမာ ချမှတ်ဖို့ လိုပါပြီခင်ဗျား။ နောင်တစ်ချိန် လူ့စွမ်းအားအရင်းအမြစ်ရဲ့ အဓိကဖြစ်တဲ့ ကျောင်းသားကျောင်းသူလူငယ်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် အရာတွေကို အခုကတည်းက ပြင်ရတော့မှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ မူလတန်းရဲ့ နောက်ဆုံးတန်းဖြစ်တဲ့ (၄)တန်းနှင့် အလယ်တန်းရဲ့နောက်ဆုံးတန်းဖြစ်တဲ့ (၈)တန်းကို ပြည်နယ်စစ် စစ်ပြီးတော့ ၁၀၀ ရာခိုင်နှုန်းအောင်ပေးလိုက်ပါတယ်။ ဒီနေရာမှာ လေ့လာကြည့်ရင် (၄)တန်းနှင့်(၈)တန်းမေးခွန်းတွေကို ခရိုင် သို့မဟုတ် ပြည်နယ်တွေမှာ စစ်ပါတယ်။ ကျောင်းအသီးသီးမှာလည်း မေးခွန်းတိုက်တွေထားရှိပါတယ်။ အဲဒီအတွက်လည်း ကုန်ကျစရိတ်ကအလွန်များပြားလှပါတယ်။ နောက်ပြီးတော့မှ အဖြေလွှာစစ်ဖို့ကိုလည်း ဆရာဆရာမတွေ မေးခွန်းယူ၊ မေးခွန်းပို့အလွန်ပဲ တာဝန်ကြီးလှပါတယ်။ ကျွန်တော်တို့ မိုးမောက်မြို့ကနေ မြစ်ကြီးနားအထိသွားရမယ်ဆိုရင် ဆရာဆရာမတွေဟာ အနက်ရောင်နယ်မြေ မိုင်

၆၀ လောက်ကို ဖြတ်သန်းသွားရတာဖြစ်တဲ့အတွက် အလွန်ပဲတာဝန်ကြီးလှပါတယ်။ နောက်ပြီးတော့မှ ၁၀၀ ရာခိုင်နှုန်းအောင်ပေးလိုက်တဲ့အတွက် ကျောင်းမှာလည်း စစ်လို့ရတယ်ဆိုတာ ပြောချင်ပါတယ်။

နောက်တစ်ခုကတော့ တက္ကသိုလ်ဝင်တန်းစာမေးပွဲကိစ္စပါ ၂၀၁၆-၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ သင်္ချာမေးခွန်းကနေ မေးခွန်းတချို့ မှားနေတယ်လို့သိရပါတယ်။ ဘာကြောင့်မှားသလဲ မေးခွန်းထုတ်ရာမှာ တာဝန်ရှိသူအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည်နဲ့ တာဝန်ယူစေချင်ပါတယ်။ အကြံပြုချင်တာကတော့ အခြေခံပညာတက္ကသိုလ်ဝင်တန်းမေးခွန်းတွေကို အဆင့်မြင့်ပညာဦးစီးဌာနမှတာဝန်မယူဘဲ အခြေခံပညာက ဆရာဆရာမကြီးတွေ တာဝန်ယူမယ်ဆိုရင် ဒီလိုမေးခွန်းမှားယွင်းမှုဖြစ်မယ်မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ တက္ကသိုလ်ဝန်တန်းလို့သာပြောတာ ဒီတက္ကသိုလ်ဝင်တန်းဟာ အခြေခံပညာရဲ့ ဆရာဆရာမတွေက ကျောင်းသူကျောင်းသားတွေကို ပညာသင်ကြားနေပြီးတော့မှ အဲဒီဆရာကြီး၊ ဆရာမကြီးတွေလည်း သူတို့ထုတ်နိုင်တယ်လို့လည်း ပြောပါတယ်။ နောက်ပြီးတော့ တက္ကသိုလ်ဝင်တန်းလို့ပြောပေမယ့် ဒီဟာကြီးက အခြေခံပညာရဲ့ နောက်ဆုံးတန်းလို့လည်း ပြောရင်ရတဲ့အတွက် ဒီအခြေခံပညာကဆရာကြီး၊ ဆရာမကြီးများ တာဝန်ယူလို့ရ/မရ သိလိုပါတယ်ခင်ဗျား။

နောက်တစ်ခုကတော့ တက္ကသိုလ်ဝင်တန်းမှာ စာမေးပွဲမေးခွန်း ဘာသာတွဲ(၈)တွဲရှိပါတယ်။ အဲဒီဘာသာတွဲ(၈)တွဲမှာ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာကတော့ ဘာသာတွဲတိုင်းမှာ ပါပါတယ်။ အဲဒီမှာ အဓိကကျောင်းသူကျောင်းသားတွေသင်ယူနေတဲ့ဘာသာကတော့ ဒီရူပဗေဒ၊ ဓာတုဗေဒနဲ့ ဇီဝဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒနဲ့ ဘောဂဗေဒ။ နောက်ပြီးတော့မှ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒဆိုတဲ့ အဓိကဘာသာတွဲသုံးတွဲကိုသာ သင်ကြားနေကြပါတယ်။ ကျွန်တော်တို့ စိတ်ကြိုက်မြန်မာစာဆိုတာ ဘာသာတွဲသုံးတွဲရှိပေမယ့် မနှစ်ကဆိုရင် သင်ကြားတဲ့ကျောင်းသားက တစ်ယောက်ပဲရှိတယ်လို့ ကြားသိရပါတယ်။

နောက်တစ်ခုက ကျောင်းတွေမှာ စာသင်ခန်းတွေကလည်း မလုံလောက်။ ဆရာဆရာမကလည်း မလုံလောက်ဖြစ်တဲ့အတွက် ရူပဗေဒ၊ ဓာတုဗေဒ၊ ပထဝီ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သမိုင်းဆိုတဲ့ ဘာသာတွဲကို ကျောင်းသူကျောင်းသားတွေယူလိုက်တာနဲ့ အဲဒီကျောင်းသူကျောင်းသားတွေဟာ အခန်းတစ်ခန်းမရဘဲနဲ့ ဟိုအခန်းကိုသွားသင်ရ၊ ဒီအခန်းကိုသွားသင်ရဆိုတဲ့ ပြဿနာတွေ တက်နေပါတယ်။ ဆရာဆရာမတွေက မလုံလောက်တဲ့အတွက် အဲဒီကျောင်းသူကျောင်းသားတွေကို ဟိုအခန်းသွားသင်လိုက်၊ ဒီအခန်းသွားသင်လိုက်နဲ့ ကျောင်းသူကျောင်းသားတွေလည်း နေရာမရ၊ ဆရာဆရာမတွေလည်း

အလုပ်များရပါတယ်။ ဒါကြောင့်မို့ အဲဒီ ဘာသာတွဲ(၈)တွဲကနေ တကယ်တက္ကသိုလ်စာမေးပွဲ အောင်ရင်လည်းဘာမှမထူးပါဘူး။ ဒီတက္ကသိုလ်ကိုပဲ ရွေးချယ်ခွင့်ပေးထားတာဖြစ်တဲ့အတွက် မလိုအပ်တဲ့ဘာသာတွဲကို ဖြုတ်သိမ်းရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းအောင်ရဲ့ မေးခွန်းဖြစ်သော (၄)တန်းနှင့်(၈)တန်းတွေကို သက်ဆိုင်ရာကျောင်းများတွင်သာ အတန်းတင်စာမေးပွဲ စစ်ဆေးရန် အစီအစဉ်ရှိ/မရှိ။ တက္ကသိုလ်ဝင်တန်းစာမေးပွဲမေးခွန်းများကို အခြေခံပညာတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာကြီး၊ ဆရာမကြီးများကို တာဝန်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲမေးခွန်း ဘာသာတွဲ (၈)တွဲမှ မလိုအပ်သော ဘာသာတွဲများကို ဖြုတ်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။အခြေခံပညာကဏ္ဍမှာ အခြေခံပညာအရည်အသွေးမြင့်မားရေးအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ရေးအတွက် ရည်ရွယ်ပြီး အခြေခံပညာမူလတန်းအဆင့်ရဲ့နောက်ဆုံးအတန်းဖြစ်သော Grade 5၊ အခြေခံပညာအလယ်တန်းအဆင့်၏ နောက်ဆုံးအတန်းဖြစ်သော Grade 9 တို့ကို ခရိုင်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် စာမေးပွဲများအနေနဲ့ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျင်းပလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီစာမေးပွဲတွေ ကျင်းပခြင်းရဲ့အဓိကရည်ရွယ်ချက်သည် ကျောင်းသူကျောင်းသားများရဲ့ သင်ယူတတ်မြောက်မှု အကဲဖြတ်နိုင်ဖို့၊ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားစေဖို့သာ ရည်ရွယ်ကျင်းပခဲ့ပြီး ကျောင်းသားကျောင်းသူများ၏ ဖြေဆိုနိုင်မှုအပေါ်မူတည်ပြီး အောင်/ရှုံးသတ်မှတ်ကာ အတန်းချဖို့ရည်ရွယ်ခြင်း မဟုတ်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ယခင်က အခြေခံပညာအဆင့်မှာ အဆင့်အလိုက်ပြီးဆုံးချိန်မှာ နောက်ဆုံးအတန်းများမှာ ကျောင်းများ၏အစီအစဉ်နဲ့ စစ်ဆေးအတန်းတင်ပေးတဲ့စနစ်ကို ကာလ

ကြာရှည်စွာ ကျင့်သုံးခဲ့ပါတယ်။ ဒီလို ကျင့်သုံးခဲ့တဲ့အတွက် အခြေခံပညာအရည်အသွေးမြင့်မားရေး အတွက် အကဲဖြတ်စစ်ဆေးတဲ့ စံသတ်မှတ်မှုနဲ့ စစ်ဆေးဆောင်ရွက်ပြီးလိုအပ်ချက်တွေကို ဖြည့်ဆည်း ပေးနိုင်ဖို့ လိုအပ်သည်ဟု စိစစ်တွေ့ရှိရတဲ့အတွက် တင်ပြပါယခုစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါ ကြောင်းတင်ပြပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာဖွဲ့စည်းပုံအသစ် (KG+12) စနစ်ကို ပြုပြင်ပြောင်း လဲအကောင်အထည်ဖော်လျက်ရှိရာမှာ သင်ရိုးသစ်များ၊ သင်ကြားနည်းအသစ်များနဲ့ စစ်ဆေးအကဲ ဖြတ်တဲ့စနစ်သစ်များကို ဆက်လက်ပြုပြင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အမျိုးသားအဆင့် စစ်ဆေးအကဲဖြတ်မှုဆိုင်ရာမူဝါဒများကို ရေးဆွဲပြုစု ဆောင်ရွက် လျက်ရှိပြီး ဒီစစ်ဆေးအကဲဖြတ်မှုဆိုင်ရာမူဝါဒနဲ့အညီဆောင်ရွက်ရာမှာ အတန်းတွင်းသင်ယူမှု နေ့စဉ် စစ်ဆေးအကဲဖြတ်ခြင်း၊ သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းအဆင့်စစ်ဆေးအကဲဖြတ်တဲ့ တတ်မြောက်မှုစစ်ဆေးခြင်းတွေ၊ နောင် နိုင်ငံတော်အဆင့်စာမေးပွဲအဆင့်တွေ အဆင့် အလိုက်စနစ် တကျ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် Grade 5 နဲ့ Grade 9 စာမေးပွဲတွေကို သက်ဆိုင်ရာကျောင်းတွေမှာသာ စစ်ဆေးတဲ့ ကျောင်းစစ်အတန်းတင် စာမေးပွဲတွေ အဖြစ် ယခင်စနစ်များအတိုင်း ပြန်လည်စစ်ဆေးနိုင်ရန် လက်ရှိအခြေအနေမှာ အစီအစဉ်မရှိပါ ကြောင်း တင်ပြအပ်ပါတယ်။

အခြေခံပညာအဆင့်ရဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ဆောင်ရွက်တဲ့ နိုင်ငံတော်အဆင့်စာမေးပွဲဖြစ်ပြီး တက္ကသိုလ်မှသင်ရိုးညွှန်းတမ်းဆိုင်ရာ ဘာသာရပ်ဥက္ကဋ္ဌ၊ ဘာသာရပ်စာစစ်မှူးချုပ်တွေက မေးခွန်းတွေပြုစုပြီး စစ်ဆေးဆောင်ရွက်နေတဲ့ နိုင်ငံတော်အဆင့်စာမေးပွဲဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာကျောင်းများမှာ တာဝန် ထမ်းဆောင်နေသော အထက်တန်းအဆင့်သင်ဆရာဆရာမကြီးတွေက ဘာသာရပ်အလိုက် အဖြေလွှာ စစ်ဆေးတဲ့တာဝန်ကိုသာယူရမှာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံတော်အဆင့်တက္ကသိုလ် ဝင်ခွင့်ကို ရည်ရွယ်စစ်ဆေးသည့် စာမေးပွဲဖြစ်ပါသဖြင့် ဒီစာမေးပွဲများကို မိမိတို့ကိုယ်တိုင်သင်ပြီး မိမိတို့ကိုယ်တိုင် မေးခွန်းပြုစုစစ်ဆေးခြင်းထက် ယခုလက်ရှိဆောင်ရွက်နေတဲ့ စနစ်သည် ပိုမို ကောင်းမွန်သောစနစ်ဖြစ်ပါသောကြောင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲမေးခွန်းများကို အခြေခံပညာ

အဆင့်မှာ တာဝန်ထမ်းဆောင်နေသည့်ဆရာဆရာမကြီးတွေကိုတာဝန်ပေးဖို့ အစီအစဉ်မရှိပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အခြေခံပညာအထက်တန်းအဆင့်မှာ ကျောင်းသားကျောင်းသူတွေ ရွေးချယ်သင်ယူနိုင်ဖို့ ဘာသာတွဲ(၈)တွဲ သတ်မှတ်ထားသော်လည်း အခြေခံပညာအထက်တန်းအဆင့်ရဲ့ ဒသမတန်းမှာ ကျောင်းသားကျောင်းသူတွေ အမှန်တကယ်သင်ယူလျက်ရှိတဲ့ ဘာသာတွဲတွေအတွက် မေးခွန်းတွေကိုသာ ပြုစုစစ်ဆေးခြင်းဖြစ်တဲ့အတွက် မလိုအပ်တဲ့ဘာသာတွဲဟု သတ်မှတ်၍မရပါကြောင်း တင်ပြအပ်ပါတယ်။ တင်ပြပါဘာသာတွဲ(၈)ခုနဲ့ စပ်လျဉ်းပြီး အခြေခံပညာဖွဲ့စည်းပုံအသစ် KG+12 (KG+5+4+3) စနစ်သစ်အရ အခြေခံပညာအထက်တန်းအဆင့်မှာ အတန်းဆင့် (၃) တန်းဖြစ်လာမှာဖြစ်တဲ့အတွက် လိုအပ်တဲ့သင်ရိုးညွှန်းတမ်းအညွှန်းဘောင်အသစ်နဲ့အညီ မသင်မနေရ ဘာသာရပ်များ ရွေးချယ်သင်ယူခွင့်ရှိသော ဘာသာရပ်များအဖြစ် သတ်မှတ်လာမှာဖြစ်တဲ့အတွက် ဒီသတ်မှတ်ချက်များအပေါ် မူတည်ပြီး လက်ရှိဘာသာတွဲစနစ်ကို လိုအပ်သလို ပြုပြင်ဆောင်ရွက်ပါမည်ဖြစ်ပါကြောင်း ရှိသေစွာရှင်းလင်းတင်ပြအပ်ပါတယ်။

**ကော့သောင်းခရိုင်တွင် ခရိုင်ပညာရေးမှူးရုံးဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် အခြားခရိုင်အဆင့် ဌာနဆိုင်ရာရုံးများကို ဖွင့်လှစ်ထားရှိသော်လည်း ခရိုင်ပညာရေးမှူးရုံးကို အဘယ့်ကြောင့်မဖွင့်လှစ်ရပါသနည်းနှင့် ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုကြောင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကော့သောင်းခရိုင်မှာ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်ပေါင်း မြို့နယ်နှစ်ခုဖြင့်ဖွဲ့စည်းထားပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာ

ကျောင်းများ ဖွင့်လှစ်ထားရှိမှုမှာတော့ ကော့သောင်းမြို့နယ်မှာဆိုရင် အထက်တန်းအဆင့်သင်ကျောင်း ၁၂ ကျောင်း၊ အလယ်တန်းအဆင့်သင်ကျောင်း ၃၅ ကျောင်း၊ မူလတန်းအဆင့်သင်ကျောင်း ၅၀ ကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၉၇ ကျောင်းရှိပါတယ်။ ကျွန်တော်တို့ဘုတ်ပြင်းမြို့နယ်မှာတော့ အထက်တန်းအဆင့်သင်ကျောင်း ကိုးကျောင်း၊ အလယ်တန်းအဆင့်သင်ကျောင်း ၃၄ ကျောင်းနှင့် မူလတန်းအဆင့်သင်ကျောင်း ၅၂ ကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၉၅ ကျောင်းရှိပြီးတော့ တစ်ခရိုင်လုံးမှာဆိုရင် အခြေခံပညာကျောင်းပေါင်း ၁၉၂ ကျောင်းရှိပါတယ်။ နောက်ထပ်အခြေခံပညာမူလတန်းကျောင်းများနှင့် အဆင့်တိုးမြှင့်ဖွင့်လှစ်ဖို့လိုအပ်နေသေးတဲ့ကျောင်းတွေလည်း အများအပြားရှိနေပါသေးတယ်။ ယခုလက်ရှိမှာတော့ ကော့သောင်းခရိုင် ပညာရေးလုပ်ငန်းတွေကို မြိတ်ခရိုင်စုပညာရေးမှူးရုံးရဲ့ကွပ်ကဲမှုအောက်မှာရှိပါတယ်။ ကျွန်တော်တို့ခရိုင်အတွင်းရှိ ကော့သောင်းနှင့်ဘုတ်ပြင်းနှစ်မြို့နယ်လုံးဟာ ပင်လယ်ကျွန်းကျေးရွာများနှင့် ဖွဲ့စည်းတည်ရှိသောမြို့နယ်များဖြစ်ပါတယ်။ အခုလိုမိုးရာသီဆိုရင် ပင်လယ်ရွာတွေမှာ တာဝန်ကျနေတဲ့ဆရာဆရာမတွေအဖိုး မြို့တက်လစာထုတ်ဖို့တောင်မလွယ်ပါဘူး။ ကျွန်တော်တို့ ဘုတ်ပြင်းမြို့နယ်မှာဆိုရင် စက်လှေသေးသေးလေးတွေနဲ့ ခြောက်နာရီ၊ ခုနစ်နာရီလောက်စီးမှ ဘုတ်ပြင်းမြို့ကိုရောက်ပါတယ်။ လှေငှားခတွေကျပြန်တော့လည်း ခရီးအကွာအဝေးကိုလိုက်ပြီးတော့ သုံးသောင်းကနေ ခုနှစ်သောင်းလောက်ထိ ကုန်ကျကြရပါတယ်။ ကုန်းတွင်းပိုင်းကျေးရွာတွေမှာလည်းပဲ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်လောက်ပဲဆက်သွယ်ရေးကောင်းပြီးတော့ ကျန်ကျေးရွာတွေမှာတော့ ကျေးရွာချင်းဆက်လမ်းတွေဟာ တစ်ခုမှကောင်းမွန်တာ မရှိပါဘူး။ မြိတ်မြို့နှင့် ဘုတ်ပြင်းမြို့ဟာ ၁၄၇ မိုင် ၂ ဖာလုံ ကွာဝေးပြီးတော့ မြိတ်နှင့်ကော့သောင်းဟာ ၂၇၆ မိုင်ကွာဝေးပါတယ်။ မြိတ်ခရိုင်ပညာရေးမှူးဟာ ကော့သောင်းခရိုင်အတွင်းခရိုင်အဆင့်ပညာရေးလုပ်ငန်းများဆောင်ရွက်ရာမှာ လွယ်ကူလျင်မြန်မှုမရှိဘဲနဲ့ အားနည်းခက်ခဲနေတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဘုတ်ပြင်းမြို့နယ်ဟာ မြိတ်မြို့နှင့် ၁၄၇ မိုင် ၂ ဖာလုံကွာဝေးပြီးတော့ ကော့သောင်းမြို့နှင့် ၁၂၈ မိုင် ၆ ဖာလုံကွာဝေးပါတယ်။ ကျောင်းအဆင့်တိုးမြှင့်ရေးလျှောက်ထားခြင်းနှင့် အခြားပညာရေးဆိုင်ရာကိစ္စများ ဆောင်ရွက်တဲ့အခါမှာ ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြိတ်ခရိုင်ပညာရေးမှူးရုံးတွေကို သွားရတာမျိုးတွေရှိပါတယ်။ အဲလိုအခါမျိုးတွေမှာပညာရေးဝန်ထမ်းများ ဘုတ်ပြင်းမှ တောင်ဘက်ကော့သောင်းမြို့သို့ မြောက်ဘက်နားက မြိတ်မြို့သို့လည်းကောင်း တောင်တစ်ခေါက် မြောက်တစ်ခေါက်သွားပြီးတော့ ပင်ပန်းကြီးစွာ လုပ်ငန်းဆောင်ရွက်

ရပါတယ်။ စတုတ္ထတန်းခရိုင်စစ်စာမေးပွဲတွေကိုလည်းပဲ ကော့သောင်းခရိုင်စုအနေနဲ့ စစ်ဆေးခြင်းဖြစ်တဲ့အတွက် ခရိုင်ပညာရေးမှူးမရှိတာကြောင့် အခက်အခဲဖြစ်နေရပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကော့သောင်းခရိုင်ပညာရေးမှူးရုံးကို အမြန်ဆုံးဖွင့်လှစ်ပေးမည်ဆိုပါက ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်ရှိ ပညာရေးဝန်ထမ်းများအနေနဲ့ ပညာရေးလုပ်ငန်းများဆောင်ရွက်ရာမှာ ယခုထက် ပိုမိုလွယ်ကူလျင်မြန်စွာ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပြီးစီးနိုင်မှာ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်နိုင်ငံဖြစ်စေဖို့အတွက် ပညာရေးကဏ္ဍအဆင့်အတန်းမြင့်မားလာအောင် အထူးကြိုးပမ်းဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ ကော့သောင်းခရိုင်ရှိ ပင်လယ်ဒေသဟာ ပညာရေးပိုင်းမှာ နိမ့်ကျလျက်ရှိပါတယ်။ ခရိုင်ပညာရေးမှူးရုံးသာဖွင့်လှစ်ခွင့်ရခဲ့မယ်ဆိုလျှင် အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ အခြားသောဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပိုမိုနီးကပ်စွာ ညှိနှိုင်းဆောင်ရွက်နိုင်မှာဖြစ်ပြီး ပညာရေးကဏ္ဍ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ခရိုင်ပညာရေးမှူးရုံး ဖွင့်လှစ်ပေးနိုင်ပါရန် ကော့သောင်းခရိုင်ပညာရေးဝန်ထမ်းများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးနေလင်းထွန်း၏မေးခွန်းဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအပါအဝင် အခြားခရိုင်အဆင့်ဌာနဆိုင်ရာရုံးများကို ဖွင့်လှစ်ထားရှိသော်လည်း ခရိုင်ပညာရေးမှူးရုံးကို အဘယ်ကြောင့်မဖွင့်လှစ်ရပါသနည်းနှင့် ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီးမှာ မြို့နယ်ပေါင်း ၁၀ မြို့နယ်ရှိပြီး ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်ဆိုပြီး ခရိုင်နှစ်ခုရှိပါတယ်။ ထားဝယ်ခရိုင်မှာ ထားဝယ်မြို့နယ်၊ ရေဖြူမြို့နယ်၊ လောင်းလုံမြို့နယ်၊ သရက်ချောင်းမြို့နယ် မြို့နယ်လေးမြို့နယ်ပါဝင်ပြီး မြိတ်ခရိုင်မှာတော့ မြိတ်မြို့နယ်၊ ကျွန်းစုမြို့နယ်၊

ပုလောမြို့နယ်၊ တနင်္သာရီမြို့နယ်၊ ကော့သောင်းမြို့နယ်၊ ဘုတ်ပြင်းမြို့နယ် မြို့နယ်ပေါင်းခြောက်မြို့နယ်တို့ ပါရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးစီမံခန့်ခွဲမှုလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးပညာရေးမှူးရုံးတစ်ရုံး၊ ခရိုင်ပညာရေးမှူးရုံးနှစ်ရုံးနှင့် အဆင်ပြေစွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့အတွက် ခရိုင်ပညာရေးမှူးရုံးဖွဲ့စည်းဖွင့်လှစ်ပေးရမယ်ဆိုရင် ဦးစွာဖွဲ့စည်းပုံအသစ်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးထံတင်ပြအပ်ပါတယ်။ ဖွဲ့စည်းပုံအသစ်ရရှိမည်ဆိုပါမှ ရုံးအသုံးအဆောင်များ၊ ပရိဘောဂပစ္စည်းများ၊ ယာဉ်နှင့်စက်ပစ္စည်းများ၊ မြေနှင့်အဆောက်အအုံများ၊ ခရိုင်ပညာရေးမှူးဖွဲ့စည်းပုံအတွက် ခန့်ထားမိန့်ဝန်ထမ်းများ လစာနှင့်စရိတ်များစသဖြင့် ရန်ပုံငွေကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်များအလိုက် ထည့်သွင်းလျာထားရပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ချက်ရရှိပြီးမှသာ ဆောင်ရွက်နိုင်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ လက်ရှိအားဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ လက်ရှိဖွဲ့စည်းပုံအရ ခရိုင်ရုံးနှစ်ရုံးနှင့် ပညာရေးလုပ်ငန်းများအဆင်ပြေစွာဆောင်ရွက်နေနိုင်ခြင်း၊ ယခုလာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ခရိုင်ပညာရေးမှူးရုံးအတွက် ဘတ်ဂျက်လျာထားခြင်းမရှိခြင်းတို့အတွက် ကော့သောင်းခရိုင်ပညာရေးမှူးအဖြစ် လက်ရှိအခြေအနေတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ ပညာရေးဝန်ကြီးဖြေသွားတာကတော့ ပြည့်ပြည့်စုံစုံဖြေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အခု ကျွန်တော် ခရိုင်ပညာရေးမှူးရုံးကို တောင်းတယ်ဆိုတာက အောက်ခြေပညာရေးဝန်ထမ်းတွေက တောင်းတာပါ။ အဆင်ပြေစွာစီမံဆောင်ရွက်နိုင်တယ်ဆိုတာကတော့ အပေါ်ပိုင်းကတော့ အဆင်ပြေစွာစီမံဆောင်ရွက်နိုင်တာပေါ့နော်။ အောက်ခြေဝန်ထမ်းတွေက ခဏကြာက ကျွန်တော်တင်ပြသလိုပဲ ကျွန်တော်တို့ဒေသရဲ့အခက်အခဲအခြေအနေတွေအရ ခရိုင်ပညာရေးမှူးရုံးကတော့ သူတို့အားလုံးက လိုအပ်နေကြပါတယ်။ လိုအပ်လို့လည်းပဲ ကျွန်တော့်ကို လွှတ်တော်မှာလာတင်ပြပေးဖို့ တောင်းဆိုလို့လည်း ကျွန်တော် လာတင်ပြပေးတာပါ။ ကျွန်တော့်အနေနဲ့ကတော့ မဖြစ်ဖြစ်အောင်လုပ်ပေးစေချင်ပါတယ်။ လောလောဆယ်ခရိုင်ပညာရေးမှူးရုံးမဖွင့်ပေးနိုင်ခင်စပ်ကြားမှာ ကော့သောင်းမြို့နယ် ပညာ

ရေးမှူးရုံးနဲ့တွဲဖက်ပြီးတော့ ခရိုင်ပညာရေးမှူးတာဝန်တွေကို ထမ်းဆောင်ခိုင်းလို့မဖြစ်ဘူးလားလို့ မေးချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းလိုအပ်ချက်အရ သက်ဆိုင်ရာရုံးဝန်ထမ်းများနှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများနှင့် ပေါင်းစပ်ဆောင်ရွက်ပါမယ်။ လိုအပ်ချက်အရ ဖွဲ့စည်းပုံရရှိရေးအတွက် ဦးစွာဆောင်ရွက်ပြီးမှ ကျန်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

**အခြေခံပညာအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများတွင် စာကြည့်တိုက်တာဝန်ခံ သို့မဟုတ် ကျောင်းစာကြည့်တိုက် ဆရာ၊ ဆရာမများခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ခနုံဖြူမဲဆန္ဒနယ်မှ ဦးတင်လှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်လှ(ခနုံဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ၊ ပြည်ထောင်စုဝန်ကြီးများ၊ တက္ကသိုလ်ကျောင်း မဟာက ကျောင်းသားကျောင်းသူမောင်မယ်များအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာဂတိ ဝမ်းသာစွာ ရှိရပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်းတွေမှာ ကျောင်းစာကြည့်တိုက်တာဝန်ခံ သို့မဟုတ် ကျောင်းစာကြည့်တိုက် ဆရာ၊ ဆရာမများခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စီမံပေးရန်ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းလိုခြင်းဖြစ်ပါတယ်။ မေးမြန်းရခြင်းအကြောင်းရင်းကတော့ ယနေ့ ပြည်သူ့အစိုးရ ဒီမိုကရေစီအစိုးရဟာ ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးလာချိန်ကစပြီး တော့ ကဏ္ဍပေါင်းစုံမှာ စိန်ခေါ်မှုများစွာ၊ အခက်အခဲများစွာကို ရင်ဆိုင်ရင်းနဲ့ ကြိုးစားအကောင် အထည်ဖော်နေပါတယ်။ ပညာရေးဝန်ကြီးဌာနဟာလည်း ပိုမိုကောင်းမွန်သော ပညာရေးအသွင် ပြောင်းလဲရန်၊ ဘက်စုံအတွေးအခေါ်မှန်ကန်၍ အတွေးအခေါ်အယူအဆတွေမှန်ကန်ပြီး အကျင့် စာရိတ္တရိုးသားဖြောင့်မတ်တဲ့ စာရိတ္တငါးတန်းနဲ့ ဗလငါးတန်းနဲ့ လူသားပျိုးထောင်ရေးလုပ်ငန်းကို ပျိုးထောင်နေပါတယ်။ ဒီမိုကရေစီစံနှုန်း၊ လူ့အခွင့်အရေးစံနှုန်းတွေရှိပြီးတော့၊ ပြည်သူ့နီတိစံနှုန်းတွေ

ရှိပြီးတော့ နိုင်ငံတော်တည်ဆောက်ရေးမှာ အထောက်အကူပြုမည့် သားကောင်းရတနာများ ပေါ်ထွန်းရေးကို သယ်ပိုးကြိုးစားဆောင်ရွက်နေတဲ့ အချိန်ဖြစ်ပါတယ်။ ဒီကာလမှာ လက်တွေ့ကျတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်နေတယ်။ CESR(Comprehensive Education Sector Review)ဘက်စုံလွှမ်းခြုံသောပညာရေးကို သုံးသပ်ပြီးတော့ KG+12 ပညာရေးကိုလည်း အကောင်အထည်ဖော်ခဲ့ပါပြီ။ NESP(National Education Strategic Plan)အမျိုးသားပညာရေး စီမံကိန်းနှင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းကို မေးခွန်းနဲ့တိုက်ရိုက်သက်ဆိုင်တာဆွေးနွေးပါ။ ဦးတင်လှ မေးခွန်းနဲ့ တိုက်ရိုက်သက်ဆိုင်တာဆွေးနွေးပါ။

**ဦးတင်လှ(ခနုဖြူမဲဆန္ဒနယ်)**။ ။ အရည်အသွေးတွေ၊ နိုင်ငံတော်ရဲ့၊ ဒီမိုကရေစီစနစ်ရဲ့ လိုအင်ဖြစ်တဲ့ လူသားအရင်းအမြစ်များ မွေးထုတ်ပေးဖို့ဆိုရင် Academic Education ဆိုတဲ့ ကျောင်းတွင်းပညာရေးနှင့်တင် မလုံလောက်ပါဘူး။ Informal Education ခေါ်တဲ့ ကျောင်းပြင်ပ၊ ကျောင်းစာသင်ခန်းရဲ့ပြင်ပ School Library ရဲ့အခန်းကဏ္ဍတွေ ရှိလာပါတယ်။ Internal Learning တင်မက External Learning ခေါ်တဲ့ ကျောင်းပြင်ပပညာရေးမှာ ကွပ်ကဲ၊ ကြပ်မတ်၊ လမ်းညွှန်ပေး မယ့်ဆရာမတွေလိုပါတယ်။ စာကြည့်တိုက်ဆိုတာကတော့ အတွေးအခေါ်အားလုံး၊ စာရေးဆရာတွေ အားလုံး၊ အသိပညာအားလုံး၊ ဉာဏ်ပညာအားလုံး အားလုံးတို့ရဲ့စုစည်းရာ ကမ္ဘာလောကတစ်ခုလုံး ရဲ့အကြောင်းကို စုစည်းရာဖြစ်တယ်။ အဲဒီတော့ ကျောင်းသူကျောင်းသားတွေဟာ ဖော်ပြပါ အရည်အသွေးတွေ ပြည့်စုံဖို့ဆိုရင် ဘယ်စာအုပ်သင့်တော်တယ်။ ဘယ်စာအုပ်ကို အကိုးအကားပြုသင့် တယ်ဆိုတဲ့ လမ်းညွှန်ကြီးကြပ်ပေးပြီးတော့ ကျောင်းသားတွေဖတ်တဲ့ဟာတွေကိုလည်း သူတို့ရဲ့မှတ်ချက် ပြုမှု၊ သူတို့ရဲ့လေ့လာမှုအားကောင်းမှု၊ သူတို့ရဲ့ Specialization ပြုမှုဆိုတဲ့ အချက်အလက်တွေကို တကယ်မှတ်တမ်းတင်ပြုစုပေးမယ်ဆိုရင် ကျောင်းသားတွေဟာ စာကြည့်တိုက်ကို အားကိုးပြီးတော့ အားလုံး စာကြည့်တိုက်မှာ ဝိုင်းရံလာမှာဖြစ်ပါတယ်။ စာကြည့်တိုက်ကလည်း အားကောင်းမောင်းသန် ဖြစ်လာမှာ မုချမလွဲဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လူတို့ရဲ့စိတ်ကို အသိဉာဏ်ကစိုးမိုးရေး၊ အသိဉာဏ်ကို ဗဟုသုတကစိုးမိုးရေး၊ ဗဟုသုတကို စာပေကစိုးမိုးရေး၊ စာပေကို စာကြည့်တိုက်က စိုးမိုးရေး၊ စာကြည့်တိုက်ကို ကျောင်းသားများစိုးမိုးဖို့ဆိုရင် စာကြည့်တိုက်ကို ကောင်းရာတွေကိုညွှန်ပြ ပြသနိုင်သော ဆရာ၊ ဆရာမများ၊ ကျောင်းစာကြည့်တိုက်တာဝန်ခံများ၊ ကျောင်းစာကြည့်တိုက် ဆရာ၊

ဆရာမများ ခန့်ထားပေးရန် အထူးလိုအပ်ပါတယ်။ ပညာပြည့်ဝ နှလုံးလှမှု ကိစ္စကြီးငယ် ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက် ဖြတ်တောက်လွယ် ပြေးနိုင်စွာ၏။ ဒါကြောင့် Learning to do ဘာတွေလုပ်ရမယ်။ Learning to know ဘာတွေသိရမယ်။ Learning to be ဘာတွေဖွံ့ဖြိုးတိုးတက်အောင်လုပ်ရမယ်။ Learning to live together ပြည်ထောင်စုသားတွေနဲ့ ကမ္ဘာသားတွေနဲ့ အတူတကွပူးပေါင်း ဘယ်လိုနေထိုင်ကြမယ်။ Learning to be effective ဘယ်လိုအကျိုးရှိအောင် ဆောင်ရွက်ကြရမယ်။ Learning to be enterprise ဘယ်လိုစွန့်စားရဲရမယ်။ Learning to be critical ဘယ်လိုတီထွင်ကြံဆရမယ်။ Learning to be creative ဘယ်လိုကြံစည်တွေးတောရမယ် ဆိုတဲ့ဟာတွေကို သိရှိလာမှာဖြစ်တယ်။ ဒါကြောင့် သူတို့ကို လမ်းညွှန်ပေးမယ့် ဆရာ၊ ဆရာမတွေလိုပါတယ်။ အဟောင်းကိုပစ်၍ အသစ်ကိုရှာ ရေသာများ၍ ငါးမတွေ့၊ ကျောင်းစာကြည့်တိုက်ကိုပစ်ပယ်၍ ဖုန်းပွတ်လာ အချိန်သာကုန်လှ အကျိုးမရတွေကို လမ်းညွှန်ပေးမယ့် ဆရာ၊ ဆရာမလိုအပ်ပါသဖြင့် ကျောင်စာကြည့်တိုက်တွေမှာ ကျောင်းစာကြည့်တိုက်တာဝန်ခံ ဆရာ၊ ဆရာမများခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် ကပဲဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်လှ၏မေးခွန်းဖြစ်သော အခြေခံပညာအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများတွင် စာကြည့်တိုက်တာဝန်ခံ သို့မဟုတ် ကျောင်းစာကြည့်တိုက် ဆရာ၊ ဆရာမများ ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အခြေခံပညာကျောင်းများမှာ ကျောင်းသားကျောင်းသူတွေ လေ့လာကြည့်ရှုရန် တည်ထောင်ပြီးဖြစ်သော ကျောင်းစာကြည့်တိုက်တွေရဲ့ အရေအတွက်ဟာဆိုရင် အခြေခံပညာအထက်တန်းကျောင်းပေါင်း ၂၁၃၄ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၈၆၇ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၄၅၄

ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ပေါင်း ၁၅၉၁ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၄၂၅ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၉၂၆၀ ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ)ပေါင်း ၂၇၆ ကျောင်း စုစုပေါင်း စာကြည့်တိုက် ၁၇၀၀၇ ခုရှိပြီး နှစ်စဉ်အလိုက် ဘဏ္ဍာငွေခွင့်ပြုချက်နှင့်အညီ စာကြည့်တိုက်များ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျောင်းစာကြည့်တိုက်ဖွင့်လှစ်ထားရှိတဲ့ အခြေခံပညာကျောင်းတိုင်းမှာ ကျောင်းစာကြည့်တိုက်အဖွဲ့ဟာ ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒီအဖွဲ့မှာဆိုရင် သင်ကြားရေးဆရာဆရာမများထဲမှ အများကတစ်ဦးကိုရွေးချယ် တာဝန်ခံအဖြစ်ထားရှိပြီး ကျန်သင်ကြားရေးဆရာ၊ ဆရာမများနှင့် ကျောင်းကောင်စီအဖွဲ့မှ အသင်းခေါင်းဆောင်များသည် စာကြည့်တိုက်အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ စာကြည့်တိုက်အဖွဲ့အနေဖြင့် ကျောင်းသားကျောင်းသူများအတွက် စာအုပ်၊ စာပေလေ့လာဖတ်ရှုခြင်း၊ ငှားရမ်းဖတ်ရှုစေခြင်း၊ ပြန်လည်အပ်နှံခြင်း စတဲ့စာကြည့်တိုက်ဝတ္တရားတွေကို အလှည့်ကျ တာဝန်ယူသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ လတ်တလောအားဖြင့် ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကျောင်းများမှာ လိုအပ်တဲ့သင်ကြားရေးဆရာ၊ ဆရာမများကို ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းများမှာရှိတဲ့ ကျောင်းစာကြည့်တိုက်များအတွက် စာကြည့်တိုက်တာဝန်ခံဆရာမ သို့မဟုတ် ကျောင်းစာကြည့်တိုက်ဆရာ၊ ဆရာမများအဖြစ် သီးသန့်ခန့်ထားပေးနိုင်ပါရန် အစီအစဉ်မရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**မတူပီမြို့နယ်၊ အ.ထ.က(ခွဲ) ဖနိုင်ကျောင်းဆောင်အမှတ်(၁) အန္တရာယ်ဆောင်အား ဖြိုဖျက်ခွင့်ပြုရန်နှင့် တိုးချဲ့ဆောင်သစ် (၄)ခန်းတွဲ နှစ်ထပ်စာသင်ဆောင်(သံကူကွန်ကရစ်)အား ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း ဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မတူပီမြို့နယ်၊ ဖနိုင် အ.ထ.က(ခွဲ)ကျောင်းဆောင် အမှတ်(၁)ဟာ ၁၉၇၂ ခုနှစ်မှာ ပြည်သူလူထုက ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့တဲ့ အုတ်ညှပ်အမျိုးအစားကျောင်းဆောင်ဖြစ်ပါတယ်။ ပြည်သူလူထုက ပညာကို အင်မတန်မှ လိုချင်တောင့်တတဲ့အတွက် မရှိမဲ့၊ ရှိမဲ့ ပိုက်ဆံနဲ့ လုပ်အားကို စိုက်ထုတ်ပြီး တည်ဆောက်ကြပေမဲ့ ဒေသထွက်သစ်တွေကို သုံးပြီးမှ သုံးတာကတစ်ကြောင်း၊ ရာသီဥတုကြမ်းတမ်းပြီး ခြပေါ်များတာကတစ်ကြောင်း အဲဒီအကြောင်းတရားတွေကြောင့် ကျောင်းဆောင်ဟာ ပျက်စီးယိုယွင်းပြီး အန္တရာယ်ကျောင်းဆောင်အဆင့်ရှိနေပြီဖြစ်တဲ့အတွက်ကြောင့် အသုံးမပြုတော့တာ သုံးနှစ်ကျော်ရှိပြီဖြစ်ပါတယ်။ အ.ထ.က(ခွဲ)ဖနိုင်ကျောင်းဆောင်ဟာ အိမ်ခြေ ၂၅၅ အိမ်ခြေရှိတဲ့ ဖနိုင်ရွာတစ်ခုတည်းအတွက်မဟုတ်ဘဲနဲ့ မတူပီအခြေစိုက် စစ်ပျူဟာနဲ့ (၁၄၀)တပ်ရင်းမှာရှိတဲ့ တပ်မတော်မိသားစုရဲ့ကလေးငယ်တွေအတွက် တည်ဆောက်ထားတာဖြစ်တဲ့အတွက်ကြောင့် နှစ်စဉ်ကျောင်းသားဦးရေတိုးပွားလာပြီး ကျောင်းဆောင်လိုအပ်ချက်လည်းတိုးပွားလာပါတယ်။ ၎င်းကျောင်းဆောင်နှင့်ပတ်သက်ပြီး ကျောင်းဆောင်အမှုတွဲတွေကို တည်ဆောက်ပြီး မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် ခရိုင်ပညာရေးမှူးရုံးနှင့် ပြည်နယ်ပညာရေးမှူးရုံးနှင့် ပညာရေး(ရုံးချုပ်) နေပြည်တော်အထိ ပေးပို့ပြီးဖြစ်တယ်လို့လည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ အ.ထ.က(ခွဲ)ဖနိုင်ကျောင်းဆောင် အမှတ်(၁) အန္တရာယ်ဆောင်အား ဖြိုဖျက်ခွင့်ပြုရန်နှင့် လေးခန်းတွဲနှစ်ထပ်ဆောင်(သံကူကွန်ကရစ်)ဖြင့် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးပါထန်းရဲ့ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဖနိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ကျောင်းဆောင်အမှတ်(၁)အား အန္တရာယ်ဆောင်အဖြစ် ဖြိုဖျက်ခွင့်ပြုရန်နှင့် တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် ရန်ပုံငွေချထားပေးရန် အစီအစဉ်ရှိ/မရှိ ဆိုသည့်မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ချင်းပြည်နယ်၊ မတူပီမြို့နယ်အတွက် ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်များဆောက်လုပ်ခြင်းအတွက် ကျပ်ငွေပေါင်း ၂၀၅၀ သိန်း ခွဲဝေခွင့်ပြုထားပြီးဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ တင်ပြပါ မတူပီမြို့နယ်၊ ဖနိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အနေဖြင့် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အဆောင်(၁) ၆၀ ပေ x ၂၀ ပေ သွပ်မိုး၊ အုတ်ညှပ်၊ အဆောင်(၂) ၆၀ ပေ x ၂၀ ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်၊ အဆောင်(၃) ၇၅ ပေ x ၂၀ ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်နှင့် အဆောင်(၄) ၁၂၀ ပေ x ၃၀ ပေ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ်ဆောင် စုစုပေါင်း ကျောင်းဆောင်လေးဆောင် အသုံးပြုနေပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အဆောင်အမှတ်(၁) အန္တရာယ်ဆောင်မှာတော့ စာသင်ကြားမှုမပြုလုပ်ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒီအန္တရာယ်ဆောင်ကို စိစစ်ရာမှာ ၁၉၇၂ ခုနှစ်ကတည်းက တည်ဆောက်ထားပြီး သက်တမ်းလွန်ကျောင်းဆောင်ဖြစ်နေတာ တွေ့ရပါတယ်။ ဒီ ကြံ့ခိုင်မှုအားနည်းတာလည်း တွေ့ရှိရပါတယ်။ ထို့အတွက် အခြေခံပညာဦးစီးဌာနအနေဖြင့် အန္တရာယ် ရှိဆောင်အဖြစ် သတ်မှတ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ အခြေခံပညာ ဦးစီးဌာနအနေဖြင့် အန္တရာယ်ဆောင်ဖြစ်နေတဲ့ ကျောင်းဆောင်အမှတ်(၁)ကို ဖျက်သိမ်းပြီး လိုအပ်တဲ့ ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးနိုင်ဖို့ ငွေလုံးငွေရင်းရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွက် မူလငွေလုံးငွေရင်းရန်ပုံငွေလျာထားချက်တွင် ထည့်သွင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၀-၇-၂၀၁၇ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြားသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၁၅/ပသ(ကမတ)ဥပဒေကြမ်း ၁/၂၀၁၇-၂၅၆
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်

**သို့**

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ၂၀၁၇ နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၁၀-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကမတ)-၁/၂၀၁၇-၃၄၅

၁။ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ၂၀၁၇ ကို အမျိုးသားလွှတ်တော်၌ ၃-၇-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ရာ ၁၀-၇-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် အထက် ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ၂၀၁၇ ကို ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်။

(က) နိုင်ငံတော်၏ အရ/အသုံးစာရင်းများ၊ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုများကို စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရန်၊

**မူကြမ်း**

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၏ အရ/အသုံးစာရင်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုများကိုစိစစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်သို့ တင်ပြနိုင်ရန်၊

(ဂ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်စာရင်းစစ်ရုံးအဆင့်ဆင့်တို့၏ လုပ်ငန်းဆောင်ရွက်မှုကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်၊

(ဃ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ အသုံးစရိတ်များ၊ စီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ဝန်ထမ်းဖွဲ့စည်းပုံအခြေအနေများအပေါ် ပိုမိုထိရောက်စွာ စစ်ဆေးနိုင်ရန်၊

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၂၅-၇-၂၀၁၇ ရက်နေ့နှင့် ၉-၈-၂၀၁၇ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ၂၀၁၇ ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၀ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ ကျေးဇူးတင်ပါတယ်။

အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**မူကြမ်း**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ ပသ (ကမတ-ဥပဒေကြမ်း) ၁/ ၂၀၁၇- ၂၅၆

ရက်စွဲ ၊၂ ၀ ၁ ၇ ခုနှစ်၊ ဩ ဂုတ် လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇) နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၁၀-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၇ - ၃၄၅

၁။ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက ပေးပို့လာသော ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇)ကို အမျိုးသားလွှတ်တော်၌ ၃-၇-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၀-၇-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇)ကို ပြည်ထောင်စု လွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ပြင်ဆင် ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) နိုင်ငံတော်၏ အရအသုံးစာရင်းများ၊ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုများကို စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြနိုင်ရန်၊

**မူကြမ်း**

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၏ အရအသုံးစာရင်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုများကိုစစ်ဆေး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်သို့ တင်ပြနိုင်ရန်၊

(ဂ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ရုံးအဆင့်ဆင့်တို့၏ လုပ်ငန်းဆောင်ရွက်မှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ အသုံးစရိတ်များ၊ စီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ဝန်ထမ်းဖွဲ့စည်းပုံ အခြေအနေများအပေါ် ပိုမိုထိရောက်စွာ စစ်ဆေးနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၅-၇-၂၀၁၇ ရက်နှင့် ၉-၈-၂၀၁၇ ရက်တို့တွင် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၉) ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအနက် အချက် (၂၂) ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) အပိုဒ် ၃၊ ပုဒ်မ ၁၁ ပုဒ်မခွဲ(က) ရှိ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု ဆိုသည့်စကားရပ်ကို လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(ဃ) အပိုဒ် ၃ ရှိ ပုဒ်မ ၁၁ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၄)၊ (၅) နှင့် (၆) တို့ကို ပုဒ်မခွဲ(ဂ)၊ (ဃ) နှင့် (င)တို့အဖြစ်ပြင်ဆင်ပြီး ပုဒ်မခွဲ(င) ရှိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေသည် ဆိုသည့် စကားရပ်ကို လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေသည် ဟု ပြင်ဆင်ပါသည်။

( င) အပိုဒ် ၃ ရှိ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဃ)ကို ပုဒ်မခွဲ(ဆ)အဖြစ်ပြင်ဆင်ပြီး ယင်းပုဒ်မခွဲရှိ လုပ်ငန်းများဆောင်ရွက်မှုသည် ဆိုသည့်စကားရပ်ကို လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်မှုများသည် ဟု ပြင်ဆင်ပါသည်။

( စ) အပိုဒ် ၃ ရှိ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၃)ကို ပုဒ်မခွဲ(ဈ) ပုဒ်မခွဲငယ်(၃)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ)(၃) စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှုရှိ/မရှိ စစ်ဆေးခြင်း၊

(ဆ) အပိုဒ် ၃ ရှိ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဒ)ကို ပုဒ်မခွဲ(ပ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ပ) ဥပဒေအရ စစ်ဆေးခံရမည့်အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးရာတွင် ဥပဒေအရ အရေးယူသင့်သည်ဟု ယူဆသော ကိစ္စများကိုတွေ့ရှိပါက စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလိုအရေးယူ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးထံ ပေးပို့ရမည့်အပြင် ယင်း၏ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်ထံ ပေးပို့ခြင်း၊

( ဇ) အပိုဒ် ၃ ရှိ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဓ) ကို ပုဒ်မခွဲငယ်(၁) နှင့် (၂) တို့ကို ပုဒ်မခွဲ(ဖ) ပုဒ်မခွဲငယ်(၁) နှင့် (၂)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဖ) (၁) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးထံ ချက်ချင်းအကြောင်းကြားပြီး၊ ယင်း၏ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်နှင့်

သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်ထံ အကြောင်းကြားခြင်း၊

(၂) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးက အရေးယူဆောင်ရွက်မှုမရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ အစီရင်ခံတင်ပြခြင်း။

(ဈ) အပိုဒ် ၃ ရှိ ပုဒ်မ ၁၁ ပုဒ်မခွဲ(ပ) ပုဒ်မခွဲငယ်(၁) ကို ပုဒ်မခွဲ(ဘ) အဖြစ်ပြင်ဆင်ပြီး ယင်းပုဒ်မခွဲကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဘ) အစိုးရဌာနများ၏ အခြားငွေရေး ကြေးရေးကိစ္စနှင့် စပ်လျဉ်းသော စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

(ည) အပိုဒ် ၅၊ ပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ) ရှိ လုပ်ငန်းများ ဆောင်ရွက်မှုသည် ဆိုသည့်စကားရပ်ကို လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများသည် ဟု ပြင်ဆင်ပါသည်။

(ဋ) အပိုဒ် ၆၊ ပုဒ်မ ၂၅ ပုဒ်မခွဲ (ဇ) ရှိ အခြားဘဏ္ဍာငွေအရအသုံးဆိုင်ရာ စာရင်းများကို ဆိုသည့်စကားရပ်ကို အခြားငွေရေးကြေးရေးကိစ္စနှင့် စပ်လျဉ်းသောစာရင်းများကို ဟု ပြင်ဆင်ပါသည်။

(ဌ) အပိုဒ် ၇၊ ပုဒ်မ ၃၄ ပုဒ်မခွဲ (ခ) ရှိ လုပ်ငန်းဆောင်ရွက်မှုများသည် ဆိုသည့် စကားရပ်ကို လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများသည် ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇)ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၆-၈-၂၀၁၇ ရက်

(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးပို့သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးပို့လာသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၁ နှင့်အညီ ၁၈-၅-၂၀၁၇ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၂ နှင့်အညီ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် အဆိုတင်သွင်းရမှာဖြစ်ပါတယ်။ ယခု ဥပဒေကြမ်းကော်မတီက အဆိုပြုပြင်ဆင်ချက်များ တင်သွင်းလာပါတယ်။ အဆိုပြုပြင်ဆင်ချက်များကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဆိုပြုပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၆-၈-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ချုပ် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးလင်းလင်းဦး၊ တနိုင်းမဲဆန္ဒနယ်၏ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို ယခုလိုနောင်အခါ မဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးလင်းလင်းဦး၊ တနိုင်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ (၁၃-၇-၂၀၁၇ ရက်နေ့)တွင် တင်သွင်းသည့် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် တရားမဝင် ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို ယခုလိုနောင်အခါ မဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထဦးစွာ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ဖြစ်ပြီး Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး တင်သွင်းခဲ့တဲ့ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့မှာ တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို ယခုလို နောင်အခါမဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက်ကြပ်မတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဆိုတဲ့ အဆိုနှင့်ပတ်သက်ပြီးတော့မှ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုမှာလည်း ရွှေမှော်နှင့် ပယင်းမှော်တွေဟာ တရားမဝင်ဘူးဆိုတာကို အတိအလင်းဖော်ပြထားပါတယ်။ အဆိုရှင်နှင့် ထောက်ခံသူတွေရဲ့ဆွေးနွေးချက်ကို လေ့လာကြည့်လို့ ရှိရင် Peak အဖြစ်ဆုံးကာလမှာ တရားမဝင်တူးဖော်သူ လူခုနစ်သိန်းလောက်ရှိတယ်လို့ သိရပါတယ်။ ဝေါ်လို့ပဲလုပ်လုပ်၊ ကြီးပွားချမ်းသာချင်လို့ပဲလုပ်လုပ်၊ သယံဇာတတွေ တရားမဝင်တူးဖော်နေတာကို

တာဝန်ရှိသူတွေ လျစ်လျူမရှုခဲ့ကြရင် ဒီလောက်အထိ ကြီးထွားလာစရာအကြောင်းမရှိပါဘူး။ ခေတ်အဆက်ဆက်တာဝန်ရှိသူတွေသာ တာဝန်ကျေမယ်ဆိုရင် ဒီပြဿနာဟာလည်း ဒီလောက်အထိ ဖြစ်လာစရာ မရှိပါဘူး။ ကောင်းပါပြီ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အရှိတရားကို လက်ခံကြရမှာပါ။ အဆိုရှင်ရဲ့ ကျိုးကြောင်းဖော်ပြချက်မှာ (၁)ကတော့ နိုင်ငံတော်၏သယံဇာတများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးဆိုပြီး ပါရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇ ကိုလည်း ကိုးကားထားပါတယ်။ သယံဇာတကို ကာကွယ်ဖို့အတွက် လူခုနစ်သိန်းလောက် တရားမဝင်တူးဖော်နေတာကို ဒေသခံရဲ၊ အုပ်ချုပ်ရေးအဖွဲ့နဲ့ ဖယ်ရှားလို့ရနိုင်ပါမလား။ ဘယ်လိုမှမရနိုင်ပါဘူး။ ဒီတော့ သယံဇာတကာကွယ်ရေးရှုထောင့်က ကြည့်ပြီးတော့မှ တပ်က ဝင်ရတယ်ဆိုရင်လည်း ဒါဟာ လုံးဝမမှားပါဘူး။ တပ်ဝင်တာကို မကြိုက်ဘူးဆိုရင် တရားမဝင်ဆက်ပြီးတော့မှ တူးဖော်စေချင်တဲ့သဘော သက်ရောက်နေတယ်ဆိုတာကို ကျွန်တော်ကတော့ သတိပြုမိပါတယ်။ နောက်တစ်ခုကတော့ အဆိုရှင်ရဲ့ကျိုးကြောင်းဖော်ပြချက် နံပါတ်(၂)ဖြစ်တဲ့ နယ်မြေတည်ငြိမ်အေးချမ်းမှုကို မထိခိုက်စေရေးဆိုတဲ့အချက်ဖြစ်ပါတယ်။ KIA ကို ဆပ်ကြေးပေးရတာကို တည်ငြိမ်အေးချမ်းတယ်လို့ဆိုလိုတာလား။ တကယ်လို့ တနိုင်းဒေသမှာ စစ်တပ်က တစ်ယောက်မှမရှိဘူးဆိုရင် တနိုင်းမြို့ပေါ်မှာရှိတဲ့လူတွေတောင်မှ KIA ကို ဆပ်ကြေးပေးရမယ်ဆိုတာကို ကျွန်တော်အသေအချာပြောရဲပါတယ်။ ဒီလိုတရားမဝင်တူးဖော်မှုတွေ ပိတ်ပင်တားဆီးဖို့၊ KIA ကိုထိန်းချုပ်ဖို့၊ အရပ်သားတွေကို ဖယ်ပေးပါလို့ တပ်ကပြောတာသည် တပ်ဘက်က တာဝန်ကျေပါတယ်။ ISIS တွေကို ချေမှုန်းဖို့အတွက် အရပ်သားတွေကိုပါ ရောပြီးတော့မှ ဗုံးကြဲတိုက်ခိုက်တာတွေ ကြားဖူးမှာပါ။ တပ်က အဲသလိုလုပ်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လည်း လေယာဉ်ပျံနဲ့တောင်မှ စာတွေကြဲချပြီးတော့မှ ဘယ်နေ့အပြီးဖယ်ပေးပါဆိုတာဟာ လုံးဝတရားပါတယ်။ တာဝန်ကျေပါတယ်။

အကယ်၍ တပ်က KIA ကို စစ်ဆင်ရေးလုပ်ခဲ့မယ်ဆိုရင်လည်း ဘာကြောင့်လုပ်တာလဲ။ ညှိလို့မရလို့၊ နှိုင်းလို့မရလို့ဆိုတာ အားလုံးသိပါတယ်။ ညှိနှိုင်းမရတဲ့ KIA ကို စစ်ဆင်ရေးလုပ်ဖို့အတွက် အစိုးရအဖွဲ့က သိသလား၊ မသိဘူးလားဆိုတာ ကျွန်တော်တို့လည်း မသိပါဘူး။ ဒါပေမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၇ မှာ နိုင်ငံတော်အား ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်တွင် တာဝန်ရှိသည်လို့ အတိအလင်းပါဝင်ပါတယ်။ တပ်က KIA ကို မုန်းလို့လုပ်မှာမဟုတ်ပါဘူး။ ပျော်လို့လည်း လုပ်နေတာမဟုတ်ပါဘူး။ အမျိုးသားအကျိုးစီးပွားနဲ့ အချုပ်အခြာအာဏာကို ကာကွယ်ဖို့အတွက် အသက်တွေ၊ သွေးတွေ၊ ချွေးတွေနဲ့ရင်းပြီးတော့မှ လုပ်ဆောင်ရတယ်ဆိုတာကို သိစေလိုပါတယ်။ သူပုန်ဆိုတာ သူချည်းပဲရပ်တည်လို့မရပါဘူး။ ပြည်သူရှိနေလို့ပါ။ ဒါကြောင့် သူပုန်ကို

ဖြတ်လေးဖြတ် လုပ်ရတာဖြစ်ပါတယ်။ ဖြတ်လေးဖြတ်လုပ်လို့ အောင်မြင်ခဲ့တာတွေလည်း သာဓကတွေ ရှိပါတယ်။ ဥပမာအားဖြင့် မြစ်ဝကျွန်းပေါ်တို့၊ ပဲခူးရိုးမတို့ ဖြစ်ပါတယ်။ အဲဒီတော့ နေရာတိုင်းမှာ ဖြတ်လေးဖြတ်လုပ်လို့ အောင်မြင်နိုင်သလားဆိုတော့ နေရာတိုင်းတော့လည်း မဖြစ်နိုင်ပါဘူး။ သို့သော်လည်း တနိုင်းဒေသမှာတော့ အောင်မြင်စရာအကြောင်းတွေ ရှိပါတယ်။ ဒါကြောင့် ပယင်းမှော်၊ ရွှေမှော်တွေမှာ တရားမဝင်တူးဖော်နေသူတွေကို ဖယ်ရှားတာ၊ KIA ကိုထိန်းချုပ်ရေးဆောင်ရွက်တာဟာ မှန်ကန်တဲ့လုပ်ရပ်ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ Statement မှာပါတဲ့ စစ်ရေးနည်းလမ်းနဲ့ ဆောင်ရွက်ခြင်းဟာ လုံးဝမှန်ကန်မှုမရှိဘူးဆိုတဲ့အချက်ကို ကျွန်တော် ပြင်းပြင်းထန်ထန်ကန့်ကွက်ပါတယ်။ အန္တိမရည်မှန်းချက်က ငြိမ်းချမ်းရေးဖြစ်လို့ Process ထဲမှာ ဆွေးနွေးခြင်းနည်းလမ်းတစ်ခုတည်းကိုပဲ ဆောင်ရွက်ရမယ်ဆိုတဲ့အမြင်ဟာ သိပ်ပြီးတော့မှ Liberal ဖြစ်လွန်းပါတယ်။ ဒါကြောင့်လည်း အစိုးရအဆက်ဆက် လိုက်လိုက်လျောလျောဆက်ဆံရင်းနဲ့ သောင်းကျန်းသူတွေက အင်အားကြီးထွားလာတာဖြစ်ပါတယ်။ သီရိလင်္ကာမှာ LTTE သူပုန်တွေကို လက်စတုန်းချေမှုန်းပြီး ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ခဲ့တာ သင်ခန်းစာကောင်းဖြစ်ပါတယ်။ အဲဒီတုန်းက ကမ္ဘာအရပ်ရပ်မှာရှိတဲ့ တမီးလ်တွေက သီရိလင်္ကာကို လူ့အခွင့်အရေးချိုးဖောက်တယ်လို့ စွပ်စွဲမှုတွေ၊ ပြောဆိုမှုတွေ ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ရက်က ကျင်းပခဲ့တဲ့ ဖိုရမ်မှာလည်း သီရိလင်္ကာကိုယ်စားလှယ်က ဒီအတိုင်းပဲ ဆွေးနွေးသွားကို ကျွန်တော်နားထောင်လိုက်ရပါတယ်။ စစ်ပွဲဆိုတာ မကောင်းပါဘူး။ ဒါပေမဲ့ KIA က ငြိမ်းချမ်းရေးလည်း မလုပ်ဘူး။ ပြည်သူကို နှိပ်စက်ကလူပြုနေတယ်ဆိုရင် ပြည်သူကို ကာကွယ်ပေးဖို့အတွက်၊ KIA ကို ထိန်းချုပ်ဖို့အတွက်၊ လိုအပ်ရင် ချေမှုန်းဖို့ဆိုတာ တပ်မတော်ရဲ့အဓိကတာဝန်ပါ။ ဒီတာဝန်ကို တပ်မတော်က ထမ်းဆောင်တာကို တာဝန်သိပြည်သူတစ်ဦးအနေနဲ့ ထောက်ပံ့အပ်ပေးရမှာပဲဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် တင်ပြလိုတာကတော့ အဆိုမှာပါတဲ့ သယံဇာတတရားမဝင်တူးဖော်မှုတွေကို နောင်မဖြစ်ရအောင် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတာကို ကျွန်တော်တို့က ထောက်ခံပါတယ်။ ဒါပေမဲ့ တပ်မတော်ရဲ့ ဆောင်ရွက်မှုတွေအပေါ်မှာ ဝေဖန်ပြောကြားချက်တွေဟာ ဘောင်ကျော်နေတယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် ကန့်ကွက်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို ဆွေးနွေးတဲ့အခါမှာ အဖွဲ့အစည်းတစ်ခုခု၊ ပုဂ္ဂိုလ်တစ်ဦးဦးအား ထိပါးပုတ်ခတ်ပြောဆိုခြင်းမပြုရန်၊ အဆိုနှင့်တိုက်ရိုက်သက်ဆိုင်ခြင်းမရှိတဲ့စကားတွေ မပြောဆိုရန်၊ မသင့်လျော်တဲ့အသုံးအနှုန်းပြောကြားခြင်းမပြုရန်၊ မဆီလျော်တဲ့

အကြောင်းပြချက်များ မပြောရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ချစ်ကြည်ရေးကို ထိပါး ပျက်ပြားစေမယ့်စကားမပြောဆိုရန်ဆိုတဲ့ နည်းဥပဒေမှာပါရှိတဲ့အချက်တွေကို ဆွေးနွေးတဲ့ ကိုယ်စားလှယ်များအားလုံး လေးစားလိုက်နာပြီး ဆွေးနွေးဖို့ အသိပေးအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး၏အဆိုကို ထောက်ခံ ဆွေးနွေးမယ့် မိုးကောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တနိုင်းဒေသမှာ ရွှေတူးဖော်မှုလုပ်ငန်းများ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကတည်း က ကျယ်ပြန့်လာခဲ့တာဖြစ်ပါတယ်။ စတင်ရှာဖွေတူးဖော်ကြသူတွေကတော့ ခန္တီး၊ ဟုမ္မလင်းနဲ့ ဗန်းမော် ဒေသဘက်က ဖြစ်ပါတယ်။ ရွှေလုပ်ငန်းရဲ့သဘာဝအတိုင်း ရွှေ့ပြောင်းလုပ်ကိုင်ရတာဖြစ်တဲ့အတွက် ရွှေအနံ့ရတဲ့ဒေသကို ဦးတည်ပြီး အုံနဲ့ကျင်းနဲ့ ပြောင်းရွှေ့လုပ်ကိုင်ကြတာ သဘာဝပါပဲ။ တနိုင်းဒေသ ပတ်ဝန်းကျင်အပြင် ဖားကန့်မြို့နယ်က ရှုဒူးဇွပ်ဒေသတွေအထိ အနံ့အပြားရွှေတူးဖော်ရရှိတဲ့အတွက် ရွှေတူးဖော်ခြင်းနဲ့ အသက်မွေးသူတွေက ဒီဒေသကို အစုလိုက်၊ အပြုံလိုက်ရောက်လာကြတာဖြစ်ပါ တယ်။ ရွှေအထွက်ကျဆင်းလာတဲ့ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်ဝန်းကျင်လောက်မှာ ပယင်းရတနာ တူးဖော်ရရှိတဲ့အတွက် ဒေသခံလုပ်ငန်းရှင်တွေသာမက မိုးကုတ်ဒေသကလုပ်ငန်းရှင်တွေပါ လာရောက်လုပ်ကိုင်ကြလို့ တနိုင်းဒေသက ပိုလို့တောင်စည်းကားခဲ့ပြီး လုပ်ငန်းရှင်၊ လုပ်သား၊ အရောင်းအဝယ်လုပ်သူများ သိန်းနဲ့ချီ ရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီဒေသကို အမှီပြုပြီး မီးရထားဘူတာမှာ ခရီးသည်အပြည့်၊ ကုန်အပြည့်၊ ဧည့်ကြိုတွေအပြည့်၊ မော်တော်ယာဉ်၊ တည်းခိုခန်း၊ စားသောက်ဆိုင်တွေကအစ သုံးဘီးဆိုင်ကယ်၊ ဆိုက်ကားအထိ အလုပ်ဖြစ်ခဲ့ကြပါတယ်။ ဒေသတွင်းက တောင်သူတွေအနေနဲ့လည်း ဘယ်နိုင်ငံ ရပ်ခြားကိုမှ Export မရှိပေမဲ့ ရွှေမှော်၊ ပယင်းမှော်တွေ စည်ပင်တာနဲ့အမျှ ဆန်၊ စပါးဈေး၊ သီးနှံဈေး ကောင်းလို့ အသက်ရှူချောင်ကြပါတယ်။ ရွှေလုပ်ငန်းလုပ်ကိုင်သူတွေက ကျွန်တော်တင်ပြခဲ့သလို တစ်နေရာကနေ တစ်နေရာ၊ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့လုပ်ကိုင်စားသောက်နေခဲ့ကြသူတွေ ဖြစ်ပြီး မိမိတို့ကျွမ်းကျင်တဲ့လုပ်ငန်းကို လုပ်ကိုင်နေကြသူတွေ ဖြစ်ပါတယ်။ တရားဝင်ခြင်း၊ မဝင်ခြင်း တွေကိုလည်း နားမလည်ကြပါဘူး။ ဒီအတွက်ကြောင့်လည်း ရောက်တဲ့မှော်ကို ကိုယ့်အိမ်ကိုယ့်ရာလို

သဘောထားပြီး အခြေချကြ၊ ရင်းနှီးမြှုပ်နှံကြပါတယ်။ ဘယ်လိုမျော်မျိုးမှာလုပ်ကိုင်သည်ဖြစ်စေ အဲဒီမျော်က သတ်မှတ်တဲ့အခွန်အခကို ထမ်းဆောင်ကြရတာပဲ ဖြစ်ပါတယ်။ ကျွန်တော်သိရသလောက် တနိုင်းစက်လှေအသင်းမှာ စက်လှေပေါင်း ၃၀၀၊ ၄၀၀ ခန့်ရှိပါတယ်။ နိုင်ငံတော်မှာ တရားဝင်လေလံဆွဲပြီး ပြေးဆွဲတဲ့စက်လှေတွေဖြစ်ပါတယ်။ အဲဒီစက်လှေတွေက အခုတရားမဝင်မျော်လို့ပြောနေတဲ့ တုန်မဏီ၊ နန့်ကွမ်း၊ နန့်ပြူ ဝမ်းပလာ စတဲ့ဒေသတွေကို တစ်နှစ်ပတ်လုံး ပြေးဆွဲနေခဲ့ကြရတာပါ။ တစ်ချိန်ကဆိုရင် မျော်ဒေသတွေကို သွားအလုပ်လုပ်ဖို့ ခရီးသွားထောက်ခံစာယူတဲ့အခါ သွားရောက်လုပ်ကိုင်မယ့်ဒေသဆိုတဲ့နေရာမှာ အထက်က ကျွန်တော်တင်ပြတဲ့ မျော်နံမည်တွေကို ဖြည့်သွင်းပြီးမှ ဒီလက်မှတ်ကိုသွားမယ့်မျော် မရောက်မချင်း လမ်းကြောမှာရှိသမျှ ဂိတ်အဆင့်ဆင့်ကိုပြပြီးမှ ဖြတ်ကြရတာပါ။ ဒီအခြေအနေကို ကြည့်ခြင်းအားဖြင့် မျော်ဒေသတွေမှာ ရှာဖွေစားသောက်သူတွေကတော့ ကိုယ့်တိုင်းပြည်ထဲပဲဆိုပြီး စိတ်ချလက်ချသွားလာလုပ်ကိုင်စားသောက်နေခဲ့ကြတာ သေချာပါတယ်။ ရွှေရှာ၊ ပယင်းရှာသူတွေအတွက်လည်း တရားဝင်မျော်ဖြစ်တာ၊ မဖြစ်တာထက် အလုပ်ဖြစ်တာ၊ မဖြစ်တာကိုပဲ ပိုစိတ်ဝင်စားခဲ့ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၅-၆-၂၀၁၇ ရက်နေ့မှာ တနိုင်းဒေသက တရားမဝင်ရွှေမျော်၊ ပယင်းမျော်တွေကနေ ဖယ်ရှားကြဖို့စာထုတ်ပါတယ်။ တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှ အခုလိုစာတစ်တန်၊ ပေတစ်တန်နဲ့ မျော်နှင်တာ မကြုံဘူး၊ မကြားဖူးကြတဲ့အတွက် အားလုံးက ကြောက်လန့်တကြားထုတ်ကြပိုးကြ၊ ပြောင်းကြရွှေ့ကြနဲ့ ကမ္ဘာပျက်ကြသလိုပါပဲ။ ကျွန်တော်ကိုယ်တိုင် ၉-၆-၂၀၁၇ ရက်နေ့မှာ အိုးနဲ့ကျင်းနဲ့ ဆင်းလာတဲ့သူတွေကို ခရီးဆက်နိုင်ဖို့ ကူညီခဲ့ရပါတယ်။ ကျွန်တော်တို့မြို့နယ်ဟာ ဖားကန့်ဒေသနဲ့ တနိုင်းဒေသရဲ့ဝင်ပေါက်လိုဖြစ်နေတဲ့အတွက် အနယ်နယ်အရပ်ရပ်ကို ခရီးဆက်ဖို့ဆင်းလာတဲ့သူတွေ အများဆုံးရောက်တဲ့မြို့ဖြစ်ပါတယ်။ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသလိုပဲ တချို့အလုပ်ရှင်တွေက ဒီအခြေအနေကို အခွင့်အကောင်းယူပြီး လုပ်အားခတွေရှင်းမပေးတာ။ တချို့ဆို အလုပ်ဝင်တဲ့အခါ သိမ်းထားတဲ့မှတ်ပုံတင်တွေပါ ထုတ်မပေးဘဲ ရှောင်သွားတာတွေရှိတဲ့အတွက် လမ်းစရိတ်၊ စားစရိတ်တောင်မှ မပါနိုင်ဘဲ ကားသမားတွေ သနားလို့ အခမဲ့ခေါ်လာပေးလို့သာ ဒီလောက်အထိရောက်လာနိုင်တာဖြစ်ကြောင်းလည်း စိတ်မကောင်းစွာကြားသိရပါတယ်။ ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ အနယ်နယ်အရပ်ရပ်ကို မျော်နှင်တဲ့အတွက် ခရီးဆက်မယ့်တိုင်းရင်းသားများပဲ ဖြစ်ပါတယ်။ ဒီဟာကတော့ လမ်းစရိတ်နဲ့ စားစရိတ် အခက်အခဲဖြစ်နေတဲ့သူတွေကို လူမှုရေးအသင်းတွေကနေ ကူညီထောက်ပံ့

တာဖြစ်ပါတယ်။ ဒါကတော့ ညအိပ်တည်းခိုတဲ့ခရီးသွားတွေကို ထောက်ပံ့ကူညီနေတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အားကိုးရတာကတော့ လူမှုရေးအသင်းတွေပဲ ဖြစ်ပါတယ်။ အသင်းတွေကို ဆက်သွယ်အကူအညီတောင်းတာနဲ့ ချက်ချင်းရောက်လာပြီး ရထားလက်မှတ်ဝယ်ပေး၊ လမ်းစရိတ်ပေး နဲ့ ကူညီနိုင်သမျှ ကူညီကြလို့ အထိုက်အလျောက် အဆင်ပြေခဲ့ပါတယ်။ လက်လုပ်လက်စားတွေ ဒုက္ခ အမျိုးမျိုးကြုံရသလို လုပ်ငန်းရှင်တွေလည်း စက်ဆိုင်းတွေ၊ ဈေးဆိုင်တွေ မြှုပ်နှံထားသမျှတွေ သယ်ယူခွင့်မရှိတဲ့အတွက် လွန်စွာမှ နစ်နာဆုံးရှုံးကြရပါတယ်။ အခုတော့ အများစုက အခက်အခဲ အမျိုးမျိုးကြားကပဲ မအေးချမ်းတဲ့နယ်မြေကို စွန့်ခွာပြီး ဒေသအသီးသီးကို ရောက်ရှိသွားကြပါပြီ။ တနိုင်းမြို့ပေါ်ကယ်ဆယ်ရေးစခန်းတွေမှာ နေနေရတဲ့နှစ်ပေါင်းများစွာကတည်းက အခြေချနေထိုင် လာခဲ့ကြတဲ့ ဌာနေတိုင်းရင်းသားတွေရဲ့အခက်အခဲကိုလည်း မေ့မထားသင့်ပါဘူးခင်ဗျား။ ဒါကတော့ တနိုင်းကယ်ဆယ်ရေးစခန်းမှာ အခုထက်ထိ လက်ရှိနေနေရတဲ့ ဒုက္ခသည်တွေပဲ ဖြစ်ပါတယ်။ ၁၁-၈-၂၀၁၇ ရက်နေ့ ပြီးခဲ့တဲ့သောကြာနေ့မှာပဲ ကျွန်တော့်မြို့နယ်က ကဆုန်းဆိုတဲ့ရွာမှာ တိုက်ပွဲကြောင့် ပြေးကြလွှားကြတဲ့အဖြစ်တွေကလည်း တနိုင်းဒေသက ရွှေမှော်၊ ပယင်းမှော်တွေ ရှင်းလင်းပြီး ခပ်စိတ်စိတ်ဖြစ်လာတဲ့ တိုက်ပွဲတွေရဲ့နောက်ဆက်တွဲလို့ ယူဆရပါတယ်။ ဒါပြီးခဲ့တဲ့သောကြာနေ့ကမှ ဖြစ်သွားတဲ့တိုက်ပွဲကြောင့် ပြေးရလွှားရတဲ့လူတွေဖြစ်ပါတယ်။ နောက်ဆုံးကြားသိရတဲ့အခြေအနေအရ လမ်းခွကျေးရွာ နှစ်ခြင်းအသင်းတော်မှာ လာရောက်ခိုလှုံတဲ့ကဆုန်းရွာက စစ်ရှောင်ဒေသခံ ၁၀၀၀ လောက်ရှိတယ်လို့ သိရပါတယ်။ မိုးတွင်းကာလ ကလေးတွေပညာသင်ကြားရေး၊ သက်ကြီးရွယ်အိုတွေ ကျန်းမာရေး ရင်လေးစရာကောင်းပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြရရင်တော့ ကျွန်တော်တို့နိုင်ငံသား များရဲ့ဘဝဟာ တိုင်းတစ်ပါးမှာ သွားရောက်အလုပ်လုပ်ကိုင်တော့လည်း အောက်ကျနောက်ကျနဲ့ အမျိုးမျိုးဖိနှိပ်ခံ၊ ခေါင်းပုံဖြတ်ခံရ။ ကိုယ့်ပြည်တွင်းမှာ ရှာဖွေစားသောက်ပြန်တော့လည်း အခုလို ပြေးရလွှားရ၊ ပစ္စည်းဥစ္စာတွေ ဆုံးရှုံးရနဲ့ ရင်နာစရာကောင်းလှပါတယ်။ ဖော်ပြပါအခြေအနေများကို သင်ခန်းစာယူ၊ အတွေ့အကြုံယူပြီး ရွှေတူးဖော်မှုများကို စည်းကမ်းသတ်မှတ်ချက်များနဲ့အညီ ခွင့်ပြု ခြင်းအားဖြင့် နိုင်ငံတော်ဘဏ္ဍာအထိုက်အလျောက်ရမယ့်အပြင် နိုင်ငံသားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်မှာ ဖြစ်တဲ့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းတိုင်ပင်ပြီး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက် သင့်ပါကြောင်း တင်ပြရင်း အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနိုင်းမဲဆန္ဒနယ်က ဦးလင်းလင်းဦး တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ အကြံပြုဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အား Power Point တင်ပြ ခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ(ဃ)အရ နိုင်ငံတော်ဟာ နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်နှင့် ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံးရဲ့ပင်ရင်းပိုင်ရှင်ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့သယံဇာတများကို တူးဖော်ဆောင်ရွက်မယ် ဆိုရင် နိုင်ငံတော်ရဲ့ တစ်နည်းအားဖြင့် ပြည်ထောင်စုအစိုးရရဲ့ ခွင့်ပြုချက်နဲ့ဆောင်ရွက်ရမှာဖြစ်ပါ တယ်။ ထိုသို့တူးဖော်တဲ့သယံဇာတများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၁ ပုဒ်မခွဲ(က)နဲ့ ပုဒ်မ ၂၅၄ ပုဒ်မခွဲ(က)တို့အရ ပြည်ထောင်စုတိုင်းဒေသကြီး/ပြည်နယ်များက အခွန်အခများကိုကောက်ခံရ မှာဖြစ်ပါတယ်။ KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေနဲ့ တနိုင်းမြို့နယ်နဲ့ဖားကန့်မြို့နယ်တို့မှာ ရှိတဲ့ ရွှေမှော်၊ ပယင်းမှော်တွေကို ပြည်ထောင်စုအစိုးရရဲ့ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားသားများ၊ နည်းပညာရှင်များကို ဥပဒေမဲ့ခိုးသွင်းပြီး တရားမဝင်လုပ်ငန်းများဖြစ်တဲ့ ရွှေမှော်၊ ပယင်းမှော်များမှာ တူးဖော်ဆောင်ရွက်စေခဲ့ပါတယ်။ ၎င်းတို့အနေနဲ့ တရားမဝင်အဆိုပါလုပ်ရပ်များမှ တစ်နှစ်ကောက်ခံ ရရှိမှုမှာ ကျပ်သိန်းပေါင်း ၂၈၀၀၀ ခန့်ရှိကြောင်း ဒေသတွင်းသတင်းအရသိရှိရပါတယ်။ ဒီငွေတွေကို KIA အဖွဲ့အနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ဘာမှလုပ်မပေးခဲ့ပါဘူး။ နောက်ဆုံးမှာတော့ ဒီငွေတွေဟာ နိုင်ငံတော်အတွက်အကျိုးမရှိဘဲ ၎င်းတို့အဖွဲ့ရဲ့အကျိုးနဲ့ လက်နက်ဆွဲကိုင်ပြီး ဥပဒေမဲ့လုပ်ရပ်တွေမှာ ဆက်လက်လုပ်ဆောင်နိုင်ဖို့ အဆိပ်ပင်ရေလောင်းသလို ဖြစ်သွားပါတယ်။ အဆိုရှင်ရဲ့အဆိုမှာ တရားဝင်ရွှေမှော်နဲ့ ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို နောင်ခါမဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိ ရောက်ရောက်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန်လို့ ပါရှိပါတယ်။ တရားဝင်တူးဖော်ခွင့်ရရှိရေးရဲ့ အဓိကသော့ချက်ကတော့ ပြည်တွင်းမှာငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး တို့ဖြစ်ပါတယ်။ အဲဒီအချက်တွေမရရှိဘဲနဲ့ ဘယ်လိုမှတရားဝင်လုပ်ငန်းဖြစ်မလာဘူးဆိုတာကို သတိပြု ရမှာဖြစ်ပါတယ်။ ယခုလိုတရားမဝင်လက်နက်ကိုင်ပြီး ဥပဒေမဲ့လုပ်ရပ်တွေ လုပ်ဆောင်နေတဲ့နေရာကို

ပြည်ထောင်စုအစိုးရရော၊ ပြည်နယ်အစိုးရအဖွဲ့ရော တရားဝင်ဖြစ်အောင် ဘယ်လိုသွားပြီးလုပ်ကြမလဲ။ ဘယ်လုံခြုံရေးနဲ့သွားမလဲ။ လုံခြုံရေးကိုဘယ်သူကတာဝန်ယူမလဲလို့ မေးမြန်းစရာရှိပါတယ်။ အမှန်တော့ KIA အဖွဲ့အနေနဲ့ NCA မှာ လက်မှတ်ရေးထိုးရန် နောက်ဆုံးအခြေအနေထိ ပါဝင်ဆွေးနွေး သဘောတူခဲ့ပြီးဖြစ်ပါတယ်။ ၎င်းတို့အနေနဲ့ ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားများရဲ့အကျိုးကို အမှန် တကယ်လိုလားပါက NCA မှာလက်မှတ်ရေးထိုးရမှာဖြစ်သလို ပြည်နယ်တည်ငြိမ်အေးချမ်းရေး အတွက်ကိုလည်း အဓိကထားရမှာဖြစ်ပါတယ်။ ပြည်နယ်တည်ငြိမ်အေးချမ်းလာမယ်ဆိုရင် သယံဇာတ များကို တရားဝင်လုပ်ကိုင်ခွင့်ရလာမှာဖြစ်သလို ပြည်နယ်အစိုးရမှာလည်း ဝင်ငွေရရှိလာမှာဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်လာပြီးတော့ ဒေသခံပြည်သူများအတွက်လည်း ရေရှည်ထိရောက်တဲ့အကျိုး ကျေးဇူးကို ရရှိစေမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅ မှာ နိုင်ငံတော်ဟာ သဘာဝပတ်ဝန်းကျင် ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမယ်လို့ ပြဋ္ဌာန်းချက်ရှိပါတယ်။ ဟူးကောင်းချိုင့်ဝှမ်း၊ တောရိုင်း တိရစ္ဆာန်၊ ဘေးမဲ့တောကို ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးအမွေအနှစ် အဖြစ်ထားရှိရန် ၂၀၁၄ ခုနှစ်ကတည်းက UNESCO ကိုစာရင်းတင်သွင်းထားခဲ့ပြီးဖြစ်ပါတယ်။ တနိုင်း ဒေသမှာတရားမဝင်ပယင်းနဲ့ရွှေတူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းရဲ့အကျိုးဆက် အဖြစ် ချင်းတွင်းမြစ်ရိုးတစ်လျှောက်မှာရှိတဲ့ ခန္တီးမြို့အပါအဝင် မြို့တွေမှာနှစ်စဉ်ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လျက်ရှိပါတယ်။ KIA အဖွဲ့အနေနဲ့ အဆိုပါမှော်များကို စက်ယန္တရားကြီးများနဲ့ စည်းမဲ့ကမ်းမဲ့ တူးဖော်စေခဲ့မှုများကြောင့် ယင်းဒေသရဲ့ဂေဟစနစ်များ ချို့ယွင်းပျက်စီးသွားပြီဖြစ်ပါတယ်။ ယခုကဲ့သို့ တရားမဝင်လုပ်ရပ်များကြောင့် တည်ဆဲဥပဒေများဖြစ်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ တောရိုင်း တိရစ္ဆာန်နဲ့ သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေထိန်းသိမ်းရေးဥပဒေများကိုလည်း ပြောင်ပြောင်တင်းတင်းချိုးဖောက်ရာရောက်နေကြောင်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁ မှာ နိုင်ငံတော်ဟာ ပြည်သူများ အလုပ် လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှကူညီဆောင်ရွက်ရမယ်လို့ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတော်အစိုးရ အနေနဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ လူအများအပြားရေရှည်အလုပ်အကိုင် အခွင့် အလမ်းများ ရရှိနိုင်ရန် စက်ရုံ၊ အလုပ်ရုံများတည်ထောင်ရမှာဖြစ်သလို ပို့ကုန်တိုးမြှင့်ရေး၊ တန်ဖိုးမြင့် ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးတို့ကိုလည်း ကြိုးပမ်းလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပုဒ်မ ၃၅၅ အရလည်း နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသမဆို ဥပဒေနဲ့အညီ အခြေစိုက်နေထိုင်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ထောက်ခံဆွေးနွေးတဲ့ကိုယ်စားလှယ်က တပ်မတော်ကဝင်ရှင်းလို့၊ တပ်မတော်ကရှင်းလိမ့်မယ်လို့ သတိပေးစာဖြန့်ဝေလို့ဒေသရှိလုပ်သားတွေ၊ ပြည်သူတွေအလုပ်လက်မဲ့ ဖြစ်ကြရတယ်။ ဒေသခံတွေအနေနဲ့လည်း မှော်လုပ်ငန်းတွေကြောင့် စျေးရောင်းကောင်းနေတာတွေဟာ အခုတော့ဖြင့်စျေးရောင်းပျက်ကြရတယ်လို့ဆွေးနွေးသွားခဲ့ပါတယ်။ ဒီလိုဆွေးနွေးချက်ဟာ တရားမဝင်လုပ်ဆောင်တာကို တရားဝင်သယောင်၊ ဥပဒေမဲ့မမှန်အကန်လုပ်ရပ်တွေကို မှန်ကန်သယောင် တစ်ဖက်သတ်ဘက်လိုက်ပြောဆိုခဲ့ခြင်းဟာ နိုင်ငံတော်ရဲ့သယံဇာတများကို နိုင်ငံတော်နဲ့ပြည်သူ့အကျိုးစီးပွားအတွက် မဟုတ်ဘဲ KIA အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အကျိုးစီးပွားအတွက် ဥပဒေမဲ့တရားလက်လွတ်လုပ်နေတာကို မသိကျိုးကျွံပြုနေတဲ့သဘော ဖြစ်နေပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်ပါဥပဒေနဲ့အညီဆောင်ရွက်နေတဲ့ တပ်မတော်ရဲ့တရားဝင်လုပ်ဆောင်ချက်များအပေါ်မှာလည်း တရားဝင်လုပ်ကိုင်သူများနဲ့ အခြေနေမှန်မသိသူတွေအနေနဲ့ အထင်မြင်လွဲမှားစေနိုင်ပါတယ်။ နိုင်ငံတကာကိုကြည့်မယ်ဆိုရင် အစိုးရတစ်ရပ်ဆိုတာ နိုင်ငံတော်ကပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့အညီ ကောက်ခံရရှိတဲ့အခွန်ဘဏ္ဍာငွေနဲ့ ရပ်တည်ဆောင်ရွက်ရတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဒေသတွင်းနဲ့ဒေသတစ်ခုနဲ့တစ်ခုကြားမှာ တရားဝင်ကုန်ပစ္စည်းများ မှန်မှန်ကန်ကန်စီးဆင်းနေမှုတို့ကို ပိတ်ပင်ခြင်း၊ ဟန့်တားနေခြင်းမရှိပါဘူး။ တရားမဝင်လုပ်ငန်းတွေမှာ လုပ်သားတွေရှိလို့ စျေးရောင်းကောင်းတယ်ဆိုတာ ရေရှည်တည်တံ့တဲ့စီးပွားရေးလုပ်ငန်းမဟုတ်ပါဘူး။ ကုန်သည်တွေရော၊ ဒေသခံတွေရော၊ နိုင်ငံတော်ရောအကျိုးရှိမယ့် ဒေသထွက်ကုန်ပို့ကုန်တိုးမြှင့်ရေးကို အလေးထားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အဆိုရှင်ဆွေးနွေးခဲ့တဲ့အတိုင်း တနိုင်းမြို့နယ်၊ ဖားကန့်မြို့နယ်တို့မှာရှိတဲ့ ရွှေမှော်၊ ပယင်းမှော်တွေကို ပြည်ထောင်စုအစိုးရက ထိထိရောက်ရောက်ကြပ်မတ်ဆောင်ရွက်စေဖို့ဆိုရင် KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် အရင်လျှောက်လှမ်းရမှာဖြစ်ပါတယ်။ နယ်မြေအေးချမ်းလာတာနဲ့အမျှ သယံဇာတများကို ဒေသခံများပါပါဝင်လုပ်ကိုင်လာနိုင်ပြီး ရေရှည်မှာပြည်ထောင်စုအစိုးရအနေနဲ့လည်း တရားဝင်အခွန်ငွေများကို မှန်မှန်ကန်ကန်ကောက်ခံရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် သဘာဝအခြေပြုခရီးသွားလုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်လို့ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမှာဖြစ်ပါတယ်။

**မူကြမ်း**

တပ်မတော်အနေနဲ့ကတော့ နိုင်ငံတော်ရဲ့သယံဇာတပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေးနဲ့ သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှုမရှိစေရေးတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်အတိုင်း ကာကွယ် စောင့်ရှောက်ခြင်းလုပ်ငန်းများကို အမိန့်စောင့်စရာမလိုဘဲ ဥပဒေနဲ့အညီ တာဝန်သိသိလုပ်ဆောင် နေခြင်းဖြစ်ကြောင်းနဲ့ ဥပဒေနဲ့အညီ လုပ်ကိုင်စရာရှိတာတွေကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြဆွေးနွေးရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်က ဦးလင်းလင်းဦးရဲ့အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်တွေထဲမှာ နိုင်ငံတော်ရဲ့သယံဇာတများ မနစ်နာစေရေး၊ နယ်မြေအေးချမ်းတည်ငြိမ်ရေးကို မထိခိုက်စေရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် များကို မထိခိုက်စေရေး၊ ဒေသခံတိုင်းရင်းသားများအပါအဝင် နိုင်ငံသူနိုင်ငံသားများရဲ့စားဝတ်နေရေး ပြေလည်မှုနဲ့ အလုပ်လက်မဲ့ပြဿနာနည်းပါးစေရေးဆိုတဲ့ အရေးကြီးတဲ့အချက်အလက်များကို ဖော်ပြ ထားတာတွေ့ရှိရပါတယ်။ အဆိုရှင်အနေနဲ့ ကချင်တိုင်းရင်းသားတစ်ယောက်ဖြစ်သည်နှင့်အညီ မိမိ ဒေသရှိ တိုင်းရင်းသားလူမျိုးတို့ရဲ့ အသက်အိုးအိမ်စည်းစိမ် ထိခိုက်နစ်နာမှုမရှိစေရေး၊ ဒေသခံ အလုပ်သမားများနှင့် ရွှေ့ပြောင်းလုပ်သားများဖြစ်ကြတဲ့ မြန်မာနိုင်ငံတစ်နံတစ်လျားက များစွာသော နိုင်ငံသားများ အတိဒုက္ခမရောက်ကြစေရေးကို ရည်ရွယ်ပြီးဆွေးနွေးတင်ပြထားတာကိုလည်း တွေ့ရှိရ ပါတယ်။ အဆိုရှင်အနေနဲ့ ၁၉၉၄ ခုနှစ်မှာ တပ်မတော်နဲ့ကချင်တိုင်းရင်းသား လက်နက်ကိုင်များ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခဲ့ကြတယ်။ ဒီအချိန်ကနယ်မြေအေးချမ်းတည်ငြိမ်မှုရှိပြီး ဒေသခံတိုင်းရင်းသား များ အေးအေးချမ်းချမ်းလုပ်ကိုင်စားသောက်နိုင်ခဲ့ကြလို့ ကိုယ်ရောစိတ်ပါအေးချမ်းသာယာရှိခဲ့ကြတဲ့ ကာလလေးကို ပြန်လည်တမ်းတပြီး ထာဝရငြိမ်းချမ်းရေးရရှိဖို့ကို ကြီးစွာသောမျှော်လင့်ချက်နဲ့ တင်ပြနေတယ်လို့လည်း နားလည်ရပါတယ်။ ငြိမ်းချမ်းတဲ့ဒီကာလလေးဟာ ရှစ်နှစ်တာကာလမျှသာ ဖြစ်ခဲ့ပြီး ဒီမိုကရေစီအစိုးရရယ်လို့ဖြစ်လာတဲ့ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ကစပြီး တပ်မတော်နဲ့ ကချင်တိုင်းရင်းသားလက်နက်ကိုင်တို့အကြား ပြင်းထန်တဲ့တိုက်ပွဲတွေ ပြန်ဖြစ်လာပြန်တယ်လို့

အဆိုရှင်က တင်ပြထားပါတယ်။ ယခုလည်း ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့က တိုင်းရင်းသားလက်နက်ကိုင်တွေထိန်းချုပ်ထားတဲ့ ရွှေမှော်၊ ပယင်းမှော်တွေမှာ လေယာဉ်နဲ့စာတွေကျဲချခဲ့တယ်။ စာမကျဲခင် ဇွန်လ ၃ ရက်နေ့မှာ တိုက်ပွဲတွေဖြစ်ခဲ့တယ်။ သိန်းနဲ့ချီပြီးရှိနေတဲ့ဒေသခံများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ ကျောင်းသူကျောင်းသား၊ ကလေးသူငယ်ကအစ အားလုံးဟာ သတ်မှတ်ထားတဲ့ရက်ပိုင်းအတွင်း အခြေပျက်အနေပျက်ဘဝနဲ့ ကိုယ်လွတ်ရုန်းပြီး တနိုင်းနဲ့ခန္တီးမြို့ကို ထွက်ပြေးတိမ်းရှောင်ကြရလို့ ဒုက္ခကြီးစွာရောက်ခဲ့ကြရတာကို အဆိုရှင်က စိတ်ပျက်အားငယ်စွာနဲ့တင်ပြထားတာကိုလည်း တွေ့ရှိရပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ဆွေးနွေးချင်တာကတော့ ရွှေမှော်၊ ပယင်းမှော်တွေမှာ လုပ်ကိုင်နေကြတဲ့ ဌာနေတိုင်းရင်းသားနဲ့ရွှေ့ပြောင်းလုပ်သားအားလုံးဟာ နိုင်ငံသားတွေဖြစ်နေတဲ့အတွက် သိမ်မွေ့စွာကိုင်တွယ်လုပ်ကိုင်ဖို့လိုတယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)အရ ပြည်သူတို့၏အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေအရ နိုင်ငံသားတိုင်းဖြစ်စေ၊ နိုင်ငံသားများနှင့်ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းတိုင်းသည် ဒီဥပဒေကို လေးစားလိုက်နာကြမယ်ဆိုရင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရမယ့်တာဝန်ကိုလည်း လိုက်နာပြီးသားဖြစ်သွားပါလိမ့်မယ်။ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ(င)ကို လိုက်နာပြီးဖြစ်ပါလိမ့်မယ်။ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌တည်သည်လို့ အခြေခံဥပဒေမှာပါရှိပေမယ့် နိုင်ငံတစ်ဝန်းလုံးမှာ မတည်ရှိနိုင်ခဲ့တာဟာ လက်ရှိအရပ်သားအစိုးရလက်ထက်မှာမှမဟုတ်ပါဘူးခင်ဗျား။ နှစ်ပေါင်း ၇၀ နီးပါးကြာမြင့်ခဲ့ပြီဖြစ်တဲ့ လက်နက်ကိုင်လမ်းစဉ်နဲ့ ဖြေရှင်းခဲ့ကြတဲ့ပြဿနာတွေရဲ့ အရင်းခံအကြောင်းတရားသာဖြစ်ပါတယ်။ လက်ရှိမှာသယံဇာတအားလုံးရဲ့ပင်ရင်းပိုင်ရှင်ဟာ နိုင်ငံတော်ဖြစ်တယ်လို့မပြောနိုင်အောင် ဖြစ်ပါတယ်။ အလားတူကိစ္စမျိုးက ကျွန်တော်တို့ ဖောင်းပြင်မြို့နယ်မှာလည်းပဲ လွန်ခဲ့တဲ့ ဧပြီလ၊ မေလလောက်က ဖြစ်ခဲ့ပါတယ်။ အခြေခံဥပဒေ ပုဒ်မ ၄၀ အရ တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွင်ဖြစ်စေ၊ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့် အရေးပေါ်အခြေအနေပေါ်ပေါက်မှသာလျှင် အုပ်ချုပ်ရေးဆိုင်ရာအခွင့်အာဏာကို သုံးစွဲဆောင်ရွက်

ခွင့်ရှိသူဟာ နိုင်ငံတော်သမ္မတပဲ ဖြစ်ပါတယ်။ အခြေခံဥပဒေရဲ့ပုဒ်မ ၁၆ မှာ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။ ပုဒ်မ ၁၉၉ ပုဒ်မခွဲ(က)မှာ။

**ဥက္ကဋ္ဌ**။ ။ အဆိုကို သေချာကြည့်ပါ။ အဆိုက ကျွန်တော် ဖတ်ပြမယ်။ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို ယခုလို နောင်အခါမဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရက ထိထိရောက်ရောက်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆို။ အဲဒီတော့ အဲဒီအဆိုနဲ့ တိုက်ရိုက်ပတ်သက်တဲ့ဟာကို ဆွေးနွေးပါ။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ ကျွန်တော် အထက်မှာ တင်ပြခဲ့တဲ့ ပြဋ္ဌာန်းချက်တွေအရ နိုင်ငံတော်အကြီးအကဲ အထွတ်အထိပ်ဖြစ်တဲ့ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ အကြီးအကဲ အထွတ်အထိပ်ဖြစ်တဲ့အတွက် ယခုလို နောင်အခါမဖြစ်ရအောင် ကချင်ပြည်နယ်အစိုးရအနေနဲ့ဖြစ်စေ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ဖြစ်စေ၊ အခြားသော ပြည်ထောင်စုအဖွဲ့အစည်းများ၊ Institution များအနေနဲ့ဖြစ်စေ၊ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးမှသာလျှင် နိုင်ငံတော်ရဲ့ သယံဇာတများ ဆုံးရှုံးမှုမရှိစေရေးကို ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်။ တနိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးရဲ့အဆိုကို အချက်နှစ်ချက်နဲ့ ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က တနိုင်းဒေသရဲ့အခြေအနေနဲ့ပတ်သက်ပြီးတော့မှ ယခုကဲ့သို့ နောင်အခါမဖြစ်စေရန်အတွက် ပြည်နယ်အစိုးရနှင့် သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်သင့်တယ်လို့ ဆိုပါတယ်။ မှန်ပါတယ်။ အဆိုကို ထောက်ခံတဲ့

ဖားကန့်မဲဆန္ဒနယ်က ဦးတင့်စိုးရဲ့ တင်ပြချက်ဟာဆိုလို့ရှိရင် ဒီပယင်းနဲ့ရွှေမှော်လုပ်ငန်းကို ဒေသခံတွေ ၂၀၀၀ ပြည့်နှစ်ကတည်းက လုပ်ကိုင်ခဲ့ပါတယ်။ ဒီလို ၁၆ နှစ်ကျော် ၁၇ နှစ်အတွင်းမှာ လူပေါင်းများစွာ၊ လုပ်ငန်းပေါင်း များစွာအခြေကျနေပြီ ဖြစ်ပါတယ်။ ဒီလို အခြေတကျဖြစ်လာတာနှင့်မျှ ရင်းနှီးမြှုပ်နှံမှု ပမာဏကလည်းများတဲ့လုပ်ငန်းတွေဖြစ်တာကြောင့် ရုတ်တရက်အလျင်အမြန် ဖယ်ရှားဖို့ ညွှန်ကြားတာမျိုးက သင့်တော်ပါရဲ့လားဆိုတာ ကျွန်တော်သုံးတို့သပ်သင့်ပါတယ်။ ပြဋ္ဌာန်းဥပဒေများကို ကျွန်တော်တို့ ချိုးဖောက်တဲ့နေရာမှာ (၁) ဥပဒေကိုသိလျက်နဲ့ကျူးလွန်ခြင်း၊(၂) ဥပဒေကိုမသိနားမလည်၍ ကျူးလွန်ခြင်း၊ (၃) ဥပဒေကိုယ်တိုင်ကအရှိတရားကို လွှမ်းခြုံနိုင်မှုမရှိခြင်းကြောင့် ကျူးလွန်မိနေခြင်း ဆိုပြီး ခွဲခြားနိုင်မယ်လို့ ကျွန်တော်သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြတဲ့ တနိုင်းဒေသရဲ့အခြေအနေကို လေ့လာကြည့်တဲ့အခါမှာ ၁၇ နှစ်လောက် ဒီပယင်းနှင့်ရွှေတူးဖော်ခြင်းလုပ်ငန်းတွေကို ပြဋ္ဌာန်းဥပဒေက လွှမ်းခြုံမှုမရှိခဲ့ဘူးဆိုတာကို တွေ့ရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာဖြစ်တဲ့ ရွှေကျင်မှာလည်း ဒီလိုပါပဲ။ တစ်ပိုင်တစ်နိုင် လက်လုပ်လက်စားရွှေတူးဖော်မှုတွေ မြောက်များစွာရှိနေသော်လည်း ဥပဒေအရထိန်းချုပ်တာ အကာအကွယ်ပေးတာတွေကို မလုပ်ဆောင်နိုင်ပါဘူး။ လက်ရှိမှာ ၂၀၁၅ ခုနှစ်၊ ဥပဒေအမှတ်(၇၂) ဖြစ်တဲ့ မြန်မာ့သတ္တုတွင်းဥပဒေကအတည်ဖြစ်လျက်ရှိပြီးတော့ ၁၉၉၄ ခုနှစ်၊ အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၉၆)အရ ထုတ်ပြန်ထားတဲ့သတ္တုတွင်းနည်းဥပဒေနဲ့ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဒီဥပဒေ၊ နည်းဥပဒေများအရ လက်လုပ်လက်စားနဲ့ အသေးစားလုပ်ငန်းတွေအတွက် တိတိကျကျ ပြဋ္ဌာန်းထားတယ်လို့မရှိတာကို တွေ့ရပါတယ်။ ဒီအတွက်လက်လုပ်လက်စားနဲ့ အသေးစားလုပ်ငန်းတွေဟာ မှတ်ပုံတင်အခွန်ဆောင်ပြီးလုပ်ငန်းလုပ်ဆောင်ခွင့် အခွင့်အရေးမရှိပါဘူး။ အကျိုးဆက်ကတော့ ဒီလုပ်ငန်းတွေကို စည်းကမ်းတကျ သဘာဝပတ်ဝန်းကျင်မပျက်စီးဆောင် ထိန်းကွပ်နိုင်ခြင်း မရှိသလို ထိုက်သင့်တဲ့အခွန်ငွေတွေလည်း နိုင်ငံတော်က ဆုံးရှုံးပါတယ်။

အမှတ်(၂)သတ္တုတွင်းဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်မှာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (Initial Environmental Examination)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan) တို့ကို လုပ်ငန်းလုပ်ဆောင်မည့်သူက တင်ပြရပြီး ပတ်ဝန်းကျင်ထိမ်းသိမ်းရေးဆိုင်ရာအသိအမှတ်ပြုလက်မှတ် (Environment Compliance Certificate) ရရှိမှသာ လုပ်ငန်းခွင့်ပြုရမှာဖြစ်ကြောင်း ထုတ်ပြန်ထားပေးမယ့် အသေးစားနှင့်အလတ်စားလုပ်ငန်းတွေဟာ မသက်ဆိုင်

သလိုဖြစ်နေတဲ့အတွက် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို မထိန်းချုပ်နိုင်တဲ့အခြေအနေဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ဒီလိုတစ်ပိုင်တစ်နိုင်လုပ်ငန်း လုပ်ကိုင်တဲ့သူတွေအတွက် ဥပဒေအရ အကာအကွယ်မရှိ၊ အာမခံချက်မဲ့နေပါတယ်။ ဘယ်လောက်ပဲ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ပါစေ တရားမဝင်ဘူးလို့ အကြောင်းပြချက်တစ်ခုတည်းနဲ့ အချိန်မရွေးဖျက်သိမ်းလိုက်ရတဲ့အခြေအနေဖြစ်ပါတယ်။ ဥပဒေက လက်ရှိအခြေအနေကိုလွှမ်းခြုံဖို့ အရေးတကြီးလိုအပ်နေတာကို တင်ပြလိုပါတယ်။ ဘယ်လိုပဲဖြစ်နေပါစေ ကျွန်တော်တို့ နိုင်ငံတော်၏အတိုင်ပင်ခံမိန့်ကြားထားသလို လက်ရှိတည်ဆဲဥပဒေကိုတော့ လေးစားလိုက်နာရမှာဖြစ်ပါတယ်။ ဥပဒေက လက်ရှိအခြေအနေကို လွှမ်းခြုံနိုင်မှု အားနည်းတယ်ဆိုရင်လည်း ပြုပြင်ဖို့သာ ကြိုးစားရမှာဖြစ်ပါတယ်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့လည်း သတ္တုတွင်းနည်းဥပဒေကို ပြင်ဆင်ရေးဆွဲနေတယ်လို့ သိရပါတယ်။ အမြန်ဆုံးပြင်ဆင်အတည်ပြုနိုင်ဖို့ကိုလည်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ဒုတိယအချက်အနေနဲ့ အဆိုရှင်ရဲ့အဆိုမှာတင်ပြထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ အရ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ရှင်းလင်းရေးဆောင်ရွက်ရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်နဲ့ လုပ်ဆောင်သင့်တဲ့အဆိုအချက်ကို ထောက်ခံဆွေးနွေးလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ မှာ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်သင့်သည်လို့ ပြောတာမဟုတ်ပါဘူး။ စောင့်ရှောက်သည်လို့ ပြောပါတယ်။ ဆိုတော့ ဒေသအသီးသီး၊ နိုင်ငံအသီးသီးမှာ အကြောင်းအမျိုးမျိုးကြောင့် တိုက်ပွဲတွေဖြစ်ပေါ်လေ့ရှိပါတယ်။ ဘယ်လိုအကြောင်းပြချက်နဲ့ပဲ ဖြစ်ပေါ်ပါစေလေ သေချာတာတစ်ခုကတော့ တိုက်ပွဲဖြစ်ပြီဆိုတာနှင့် ဒီဒေသဟာ နဂိုမူလအခြေအနေအတိုင်းမရှိတော့ဘဲ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစတာတွေကို စီမံရေးရာအခိုက်အတန့်သော်လည်းကောင်း၊ နှစ်ပေါင်းများစွာသော်လည်းကောင်း ရပ်တန့်သွားမှာဖြစ်ပါတယ်။ ဒီဒေသမှာ ဘိုးစဉ်ဘောင်ဆက်နေထိုင်ခဲ့သူများသော်လည်းကောင်း၊ ခေတ္တတာဝန်ထမ်းဆောင်ရန် ရောက်ရှိနေသူများ၊ စီးပွားရေးလာရောက်လုပ်ကိုင်သူများဟာ သက်ရောက်မှုကို အရင်ဆုံးခံစားကြရပါတယ်။ တိုက်ပွဲတွေ၊ ပဋိပက္ခတွေ အတွင်းမှာလည်း သွားလာရေးခက်ခဲမှု၊ စားရေရိက္ခာရှားပါးမှု နှစ်ဘက်စလုံးရဲ့ သံသယနှင့်စောင့်ကြည့်မှုများမှာ အခြေခံလူ့အခွင့်အရေးတွေဆုံးရှုံးရနိုင်မယ့်အနေအထား ဖြစ်ပါတယ်။ ပဋိပက္ခတွေ၊ တိုက်ပွဲတွေ ချုပ်ငြိမ်းသွားသည့်တိုင်အောင်မှ ဒဏ်ရာဒဏ်ချက်တွေဟာ ပဋိပက္ခရဲ့ပြင်းထန်မှုနဲ့ ရှည်ကြာမှုအပေါ်မူတည်ပြီးတော့မှ ပုံမှန်အနေအထား

ပြန်ရောက်ဖို့ခက်ခဲစွာပြန်လည်ကြိုးစားတည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒေသတစ်ခုကို စီမံခန့်ခွဲတဲ့ နေရာမှာ လုံခြုံရေးအမြင်တစ်ခုတည်းနဲ့ ဆုံးဖြတ်ဖို့မဟုတ်ပါဘူး။ တကယ်လို့ လုံခြုံရေးအရ ဦးစားပေး ပြီးဆောင်ရွက်ရမယ်ဆိုရင်တောင်မှ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်နဲ့သာ ဆောင်ရွက်သင့်ပါတယ်။ အစိုးရအဖွဲ့အနေနဲ့လည်း ဖြစ်ပေါ်လာတဲ့အခြေအနေတွေ၊ လုပ်ဆောင်သင့်တဲ့အရာတွေ၊ နေရပ်ပြန်ပို့ရေးလုပ်ငန်းတွေကို ကြိုတင်စီမံထားနိုင်မှာဖြစ်ပါတယ်။ ယခုအချိန်အထိလည်း ကျွန်တော်တို့ ရွှေကျင်နယ်ထဲမှာ အခုထက်ထိ ရှိပါတယ်။ ကျွန်တော်တို့ တိုက်ပွဲကာလမှာ ထွက်ပြေးတိမ်းရှောင်ရတယ်။ ပြန်လာတဲ့အခါမှာ မိမိရဲ့ ခြံမြေ၊ မိမိရဲ့လယ်မြေတွေဟာ ဘယ်ပုဂ္ဂိုလ်၊ ဘယ်ကုမ္ပဏီရဲ့အမည်ပေါက်ဖြစ်နေပါတယ်ဆိုတဲ့ ပြဿနာ တွေက အခုအချိန်ထိ ကျွန်တော်တို့ ဖြေရှင်းလို့မရနိုင်သေးတဲ့ အခြေအနေမျိုးတွေရှိပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့အဆိုမှာပါတဲ့ ပုဒ်မ ၂၁၉ အရ ပြည်ထောင်စုအစိုးရရဲ့ ဆုံးဖြတ်ချက်နဲ့သာ လုံခြုံရေးကိစ္စရပ်တွေကို ဆောင်ရွက်သင့်ပါတယ်လို့ ပြောကြားရင်းနဲ့ တနိုင်းမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးရဲထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနိုင်းမဲဆန္ဒနယ်က ဦးလင်းလင်းဦး တင်သွင်းတဲ့အဆိုမှာပါဝင်တဲ့၊ အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မထိခိုက်စေရန်ဆိုတဲ့အပိုင်းကို အကြံပြုဆွေးနွေး သွားပါမယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရရှိပြီးကတည်းက လက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပွားခဲ့ပြီး ခေတ်အဆက် ဆက်နိုင်ငံတော်အစိုးရများအနေနဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ နိုင်ငံတော် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့တဲ့တပ်မတော်အနေနဲ့ အဓိကအခန်းကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲကျင်းပပြီး ဖွဲ့စည်းခဲ့တဲ့ နိုင်ငံတော် အစိုးရအနေနဲ့ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်မှုဟာ နိုင်ငံတော်အတွက် ဦးစားပေးဆောင်ရွက်ရမယ့်

လုပ်ငန်းတစ်ခုဖြစ်ကြောင်း ယုံကြည်တဲ့အတွက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ ကြေညာချက်အမှတ်(၁/၂၀၁၁)ကို ထုတ်ပြန်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံကို ငြိမ်းချမ်းရေးဆွေးနွေးဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ(NCCT) တို့ တရားဝင်တွေ့ဆုံမှုကိုးကြိမ်၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တစ်ဖွဲ့ချင်းစီအလိုက် တွေ့ဆုံဆွေးနွေးမှုပေါင်း ပြည်နယ်အဆင့် ၂၃ ကြိမ်၊ ပြည်ထောင်စုအဆင့် ၄၈ ကြိမ် တွေ့ဆုံခဲ့ရာမှာ KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေနဲ့ ပြည်နယ်အဆင့်သုံးကြိမ်၊ ပြည်ထောင်စုအဆင့်ခုနစ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းပြီးတဲ့နောက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေနဲ့ NCA စာချုပ်မူကြမ်းပြုစုတဲ့အထိ ဆွေးနွေးပွဲများမှာပါဝင်ခဲ့ပြီး အမှန်တကယ်လက်မှတ်ရေးထိုးချိန်မှာ နိုင်ငံရေးအရ ဆွေးနွေးပြီးမှ ပစ်ခတ်ရပ်စဲရေးဆောင်ရွက်မည်ဟုလည်းကောင်း၊ ငြိမ်းချမ်းရေးစတင်ဆွေးနွေးစဉ်က ပါဝင်ခြင်းမရှိခဲ့တဲ့အဖွဲ့များအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးပါဝင်ရေးစတဲ့အကြောင်းပြချက်တွေနဲ့ ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ လက်ရှိအစိုးရအနေဖြင့်လည်း ယခင်အစိုးရလက်ထက်က သဘောတူအတည်ပြုခဲ့တဲ့ NCA ကို လက်ခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေဖို့အတွက် အသစ်ပြန်လည်ဖွဲ့စည်းခဲ့တဲ့ UPDJC, NRPC နဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပရေးကော်မတီတို့မှာ တပ်မတော်မှအရာရှိကြီးများ ပါဝင်ဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၁၁)ရာစုပင်လုံ ပထမအကြိမ်နဲ့ ဒုတိယအကြိမ်များမှာ တပ်မတော်သားကိုယ်စားလှယ် ၁၅၀ ဦးစီတက်ရောက်ခဲ့ပြီး ထာဝရငြိမ်းချမ်းရေးရရှိစေရေးအတွက် မိမိတို့ဖြတ်သန်းခဲ့တဲ့အတွေ့အကြုံများအရ အပြုသဘောနဲ့ပါဝင်ဆွေးနွေးခဲ့ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့လည်း လက်ရှိဆောင်ရွက်နေတဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်လို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ဒုတိယအကြိမ်မှာ အဖွင့်အမှာစကားပြောကြားရာမှာ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိတဲ့ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံထားတဲ့ပြည်ထောင်စုကို

နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်ဆိုပြီး NCA မှာ သဘောတူညီခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါကို လျစ်လျူရှုပြီး နောက်ထပ်လမ်းကြောင်း ဒုတိယလမ်းစဉ်ဆိုတဲ့အခေါ်အဝေါ်တွေ သုံးစွဲလုပ်ဆောင်နေခြင်းဟာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက်ရေးကို မလိုလားခြင်းသာဖြစ်ပါတယ်။ ဆွေးနွေးညှိနှိုင်းအဖြေရှာရေး လမ်းစဉ်က သွေဖည်ပြီး လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်ရေးလမ်းစဉ် လက်နက်ဆွဲကိုင်ပြီး အာဏာ ရယူရေးလမ်းစဉ်နဲ့ ပြည်ထောင်စုမှခွဲထွက်ရေးလမ်းစဉ်တို့ကိုသာ ဦးတည်နေကြောင်း ယူဆရမှာ ဖြစ်ပါ တယ်လို့ ပြောကြားသွားခဲ့ပါတယ်။

တပ်မတော်အနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) ပုဒ်မ ၂၅ အခန်း(၇) ပုဒ်မ ၃၃၉၊ ပုဒ်မ ၃၄၁ ပါပြဋ္ဌာန်းချက်များနဲ့အညီ စနစ်တကျဆောင်ရွက်နေလျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီယဉ်ကျေးမှုနှင့် ကျင့်စဉ်တွေကို အရှိန်အဟုန်နဲ့ဆောင်ရွက်ခဲ့ရာမှာ ဒုတိယငါးနှစ်သက်တမ်းကို ဆက်လက်လျှောက်လှမ်းနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း လိုအပ်ချက် များကို အစိုးရ၊ လွှတ်တော်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှသာ ဒီမိုကရေစီနည်းလမ်းတကျတောင်းဆို ရမှာဖြစ်သလို လက်နက်စွဲကိုင်ပြီး မိမိလိုချင်တာကိုတောင်းဆိုတာမျိုး၊ လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ပြီး မိမိတို့ရဲ့ဆန္ဒကိုသာ ဦးစားပေးဖော်ဆောင်ဖန်တီးနေတာမျိုးတွေဟာ ဒီမိုကရေစီရဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်ဆိုတာကို အလေးအနက်သတိပြုရမှာဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ ဒို့တာဝန်အရေးသုံးပါးအပေါ်မှာအခြေခံပြီး နိုင်ငံတော်ရဲ့ပကတိလိုအပ် ချက်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ မူဝါဒသုံးရပ်အပေါ် အခြေခံကာပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ တပ်မတော်ရဲ့ငြိမ်းချမ်းရေး မူဝါဒခြောက်ချက်ဟာလည်း ကျွန်တော်တို့နိုင်ငံရဲ့ အတိတ်သမိုင်းကြောင်းဖြစ်ရပ်တွေပေါ်မှာ အခြေခံ ချမှတ်ခဲ့တာဖြစ်လို့ နှစ်ဖက်ပူးပေါင်းလိုက်နာဆောင်ရွက်ကြမယ်ဆိုရင် စစ်မှန်ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်း ရေးရရှိဖို့ လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဒီမိုကရေစီကျင့်သုံးတဲ့နိုင်ငံတွေမှာ လက်နက်စွဲကိုင်ပြီး နိုင်ငံရေးအခွင့်အရေး တောင်းဆိုတာတွေကို ခွင့်မပြုတဲ့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်များအနေနဲ့ နိုင်ငံတော် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နှစ်ပေါင်းများစွာအကျေအလည်ဆွေးနွေးကာ အတည်ပြုခဲ့တဲ့ NCA ကို ပါဝင်လက်မှတ်ရေးထိုးပြီး

နိုင်ငံရေးလမ်းပြမြေပုံနဲ့အညီ နိုင်ငံရေးဆွေးနွေးမှုအဆင့်ဆင့်ကနေ တိုးတက်ဖြစ်ပေါ်လာတဲ့ အာမခံချက်တွေကိုရယူပြီး လုပ်သင့်လုပ်ထိုက်တာတွေကို ယုံယုံကြည်ကြည်ရဲရဲရင့်ရင့်လုပ်ဆောင်ကြရန် အကြံပြုလိုပါတယ်။ ယနေ့အချိန်အခါဟာ နိုင်ငံတော်အတွက် နိုင်ငံတကာမှဖိအားများနဲ့ အချုပ်အခြာအာဏာကို ခြိမ်းခြောက်မှုများရှိနေတဲ့ကာလဖြစ်ပါတယ်။ နိုင်ငံတော်လုံခြုံရေးအတွက် အဘက်ဘက်က အရေးကြီးနေချိန်မှာ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါတယ်။ နိုင်ငံတော်လုံခြုံရေးနဲ့ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဟာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သံသယကင်းရှင်းမှု၊ ယုံကြည်မှု၊ အပြန်အလှန်နားလည်မှု၊ ဥပဒေလေးစားလိုက်နာမှုများကို အခြေခံကာ ကျစ်လျစ်ခိုင်မာတဲ့စုစည်းညီညွတ်မှု၊ ရေပက်မဝင်နိုင်တဲ့ ချစ်ကြည်စည်းရုံးမှုများ အဓိကလိုအပ်နေချိန်ဖြစ်ပါကြောင်းနှင့် တပ်မတော်အနေနဲ့ကတော့ စစ်မှန်ရိုးရှင်းပြီး ထာဝရတည်တံ့မယ့်ငြိမ်းချမ်းရေးကို တပ်မတော်ကချမှတ်ထားတဲ့ ငြိမ်းချမ်းရေးမူဝါဒခြောက်ရပ်နှင့်အညီ ကိုက်ညီလက်ခံသဘောတူပါက လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီး၊ နောက်ပြီး ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ်ပါ။ ကျွန်တော့်အနေနဲ့ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးရဲ့အဆိုနှင့်ပတ်သက်ပြီး စဉ်းစားနိုင်ရန် အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်ဟာ အဖိုးတန်သယံဇာတအမျိုးမျိုးထွက်ရှိသလို ကမ္ဘာမှာအရည်အသွေးအကောင်းဆုံး ကျောက်စိမ်းနဲ့ မကြာခင်က တွေ့ရှိတဲ့ ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ ပယင်း။ အဲဒါတွေကြောင့် တချို့လူတွေကပြောကြတယ်။ ကချင်ပြည်နယ်က သယံဇာတကျိန်စာသင့်တာပဲတဲ့။ ကျိန်စာတော့ ပြည်သူတွေခံရပါတယ်။ ဘီလီယံနာသူဌေးတွေတော့ သူများတွေဖြစ်သွားတာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြဿနာဘာကြောင့်ဖြစ်တယ်။ ကျွန်တော့်အတွေး ရိုးရိုးလေးတစ်ခုနဲ့ ဥပမာပေးခိုင်းနှိုင်းတင်ပြလိုပါတယ်။ ရွာတစ်ရွာမှာ မြင်သူတကာငေးရလောက်အောင်လှတဲ့ မိန်းကလေး

တစ်ယောက်ရှိတယ်ဆိုကြပါစို့။ အဲဒီမိန်းကလေးရဲ့အချော၊ အလှသတင်းက ပတ်ဝန်းကျင်ရွာ၊ မြို့အထိ ပျံ့နှံ့သွားတယ်ဆိုပါက ဒီတော့ အနယ်နယ်အရပ်ရပ်မှ လူပျိုတွေက တွေ့ချင်၊ ပိုးချင်၊ လက်ထပ်ယူချင်တဲ့သူတွေ စတဲ့ လူအမျိုးမျိုး ရွာကိုချောင်းပေါက်မတတ် ဝင်လိုက်၊ ထွက်လိုက်နဲ့ ရောက်လာကြတယ်။ ဒီထဲမှာ တချို့က ညှိညှိနှိုင်းနှိုင်းပြောဆိုတတ်သူပါမယ်။ တချို့ကျတော့ ဖော်ဖော်ရွှေရွှေဆက်ဆံတတ်သူတွေလည်းပါမယ်။ ဒီလိုလူမျိုးတွေအတွက်က ဘယ်နေရာရောက်ရောက်ပြဿနာမရှိဘူး။ ဒါပေမဲ့ တချို့ကျပြန်တော့ ဂရုမစိုက်ဘူး။ ငွေနဲ့ခင်းမယ်။ အားလုံးကိုကျော်ဖြတ်မယ်ဆိုတဲ့စိတ်မာနရှိသူပါလာရင် သေချာတယ်။ ရွာခံလူငယ် ဂျစ်ကန်ကန်ကောင်တွေနဲ့ ပြဿနာတော့အနည်းနဲ့အများ ဖြစ်ကိုဖြစ်မှာ သေချာပါတယ်။

ဥက္ကဋ္ဌကြီး။ ဒီအတွေးနဲ့ဆက်စပ်ပြီး တွေးကြည့်ကြရအောင်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တနိုင်းမြို့နယ် ပယင်း၊ ရွှေမော်ဘက် ပြဿနာဖြစ်ပေါ်လာရခြင်းနဲ့ တပ်မတော်ဘက်မှ ယူဆအကြောင်းပြချက်က တရားမဝင်ပယင်းမော်ဘက်မှ နိုင်ငံတော်အတွက် အခွန်ဝင်ငွေကောက်ခံရရှိနိုင်ခြင်းမရှိ။ အဲဒါကြောင့် တရားမဝင် မော်ဖျက်သိမ်းရေး၊ နယ်မြေရှင်းလင်းရေးအတွက်ဆိုပြီး တိုက်ပွဲဖြစ်စာ ဖြန့်ကျဲခြင်း လုပ်ဆောင်မှုကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်တယ်လို့ သုံးသပ်ဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်အစိုးရအုပ်ချုပ်စဉ်ကာလမှာ သယံဇာတထွက်ရှိသည့်ဒေသများ၌ လူတန်းစားလေးရပ် စီးပွားရေးအရမ်းအဆင်ပြေခဲ့သလို အပြစ်ရပ်ငြိမ်းချမ်းရေးလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့ တွေ့ရပြီး ဖြစ်ပါတယ်။ အခုတော့ ဖြစ်စဉ်နဲ့ လုပ်ဆောင်ချက်တွေဟာ ပြောင်းလဲသွားပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ တလောက တနိုင်းမြို့နယ် ပယင်း၊ ရွှေမော်များမှာ စီးပွားရေးလုပ်ကိုင်နေကြတဲ့ နယ်ခံရွာသားနဲ့ ရွှေ့ပြောင်းနေထိုင်သူသိန်းဂဏန်းပြည်သူများကို တပ်မတော်ဘက်မှ အချိန်တို ၁၀ ရက်အတွင်း အကုန်ပြန်ရန် အမိန့်စာထုတ်ပြန်လိုက်တော့ ဖြစ်သလိုထွက်ပြေးတိမ်းရှောင်ရခြင်း၊ ဒုက္ခသည်စခန်းများဖွင့်ပေးပြီး နေထိုင်စေခြင်း၊ ဒီလိုမျိုးဖြစ်ပျက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်သောသိန်းဂဏန်းပြည်သူများက အစိုးရကို လက်ညှိုးထိုးအပြစ်ပုံချတော့ အစိုးရရဲ့ပုံရိပ်ထိခိုက်တာပေါ့။ ဒီကြားထဲ KIA လက်နက်ကိုင်အဖွဲ့နဲ့လည်း တိုက်ပွဲများဖြစ်ကြသလို တစ်နေ့က ဩဂုတ်လ ၁၀၊ ၁၁ ရက်နေ့မှာလည်းပဲ မိုးကောင်းမြို့၊ နမ္မတီးမြို့၊ နမ္မတီးမြို့ ကဆုန်းကျေးရွာနဲ့ တပ်မတော်နဲ့ KIA အဖွဲ့တို့

တိုက်ပွဲများဖြစ်ကြတဲ့အတွက် ရွာသူရွာသားများကြောက်လန့်ပြီး မိသားစုတစ်ကွဲတစ်ပြား ကိုယ်လွတ်ထွက်ပြေးတိမ်းရှောင်နေရကြောင်း ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအစိုးရက အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေချိန်မှာ အားလုံးက ဝိုင်းဝန်းကူညီကြဖို့လိုသလို လက်နက်ကိုင်အဖွဲ့အစည်းတိုင်းလည်း ငြိမ်းချမ်းရေးရဲ့ အနှစ်သာရဖြစ်တဲ့ စစ်ပွဲကြောင့် ဒုက္ခရောက်မှုအမျိုးမျိုးမှကင်းဝေးပြီး စိတ်ရဲ့အေးချမ်းပျော်ရွှင်မှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ ဒီမိုကရေစီဖက်ဒရယ်အခွင့်အရေးကို မြစ်ယောင်မျှော်ကိုးပြီး အားလုံးပြောနေကြတဲ့ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်ကြတယ်ဆိုရင် တိုက်ပွဲများဖြစ်လာနိုင်ခြေရှိတဲ့ လုပ်ရပ်မှန်သမျှကို ရှောင်ရှားသင့်ပါကြောင်း၊ နာတာရှည်ပြည်တွင်းစစ်ကြောင့် ဒုက္ခအမျိုးမျိုးကြုံတွေ့နေရခြင်း၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး မုန်းတီးမှု၊ မကျေနပ်မှု၊ နာကျည်းမှုများသာ တိုးပွားလာနေခြင်းသည် တိုင်းပြည်အတွက်တော့ အနုတ်လက္ခဏာပါပဲ။ ဒီအတိုင်းဆိုရင် ကျွန်တော်တို့ ပြောပြောနေကြတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးဆိုတဲ့အချက်အတွက် ဆန့်ကျင်ဘက်၊ လားရာဘက်ကို တွန်းပို့နေသလိုများ ဖြစ်နေမလားလို့ တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆို၌ပါသော ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၃၇ ပုဒ်မခွဲ(က) နိုင်ငံတော်သည် နိုင်ငံတော်အတွင်းရှိ သယံဇာတပစ္စည်းများအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသဖြင့် ပြည်ထောင်စုအစိုးရမှ ကြပ်မတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်ဆိုတာမှန်ပါတယ်။ ဒါပေမဲ့ ကချင်ပြည်နယ်လို မငြိမ်းချမ်းသေးတဲ့ဒေသမှာ ပြည်ထောင်စုအစိုးရအနေဖြင့် ထိထိရောက်ရောက်ဆောင်ရွက်ဖို့ အနည်းငယ်ခက်ခဲလိမ့်မယ်လို့ သုံးသပ်မိပါတယ်။ ဘာကြောင့်လဲဆိုရင် သယံဇာတထွက်ရှိတဲ့ဒေသ၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမရှိရင်တော့ ပြဿနာမရှိ။ ဒေသခံတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကလည်း မိမိဒေသရှိသယံဇာတများ မိမိတို့အဖွဲ့အစည်းလည်း ပိုင်ဆိုင်တယ်လို့ ခံယူထားကြတဲ့အတွက် ပြဿနာက ဒါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ပြဿနာတစ်ခုက သယံဇာတထွက်ရှိတဲ့အတွက် ငွေရှာလို့အရမ်းကောင်းသောနေရာအနံ့မှ တိုင်းရင်းသားပြည်သူ လူမျိုးပေါင်းစုံသိန်းဂဏန်းရောက်ရှိနေထိုင်ကြတယ်။ ပြဿနာလည်းမျိုးစုံ၊ လုယက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ အခွန်ကောက်ခံမှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ တရားမဝင်မှော်လုပ်ကိုင်နေမှု စသည့်ပြဿနာပေါင်းစုံဖြစ်နေတဲ့နေရာဒေသဖြစ်တဲ့

အတွက် ပြဿနာပြေလည်ရေးကို ရွေးရှုသည့်နည်းမျိုးကို အသုံးပြုကာ ပြည်ထောင်စုအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရမှ သွားရောက်ကြပ်မတ်ဖြေရှင်းရန် လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ အရ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ဆောက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သည်ဟု ပြဋ္ဌာန်းထားပါသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် မြို့၊ ရပ်ရွာတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်နှင့် လုပ်ပိုင်ခွင့်ရှိပါသောကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ကြပ်မတ်ဆောင်ရွက်ခြင်း သို့မဟုတ် ပြည်နယ်အစိုးရအား ပါဝင်ပြီး ကြပ်မတ်စေခြင်းသည် ဆီလျော်မှန်ကန်ပါသဖြင့် တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဆွေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးတင်သွင်းတဲ့အဆိုရဲ့ ကျိုးကြောင်းဖော်ပြချက်ဖြစ်တဲ့ နယ်မြေတည်ငြိမ်အေးချမ်းရေးမထိခိုက်စေရေးဆိုတဲ့ အချက်ပေါ်မှာ အကြံပြုသုံးသပ်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ(င)၊ ပုဒ်မ ၃၃၉ နဲ့ ပုဒ်မ ၃၄၁ တို့အရ တပ်မတော်ကိုအပ်နှင်းထားတဲ့အခွင့်အာဏာအတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် နိုင်ငံတော်ရဲ့ရေမြေသယံဇာတများကို ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးစီးပွားကို ရှေးရှုပြီး နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နေတာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ဒီလိုပေးအပ်တဲ့တာဝန်ကို ထမ်းဆောင်ရန်အတွက် ကချင်ပြည်နယ်၊ ဒွန်ဘန်၊ ရှဒူဇွပ်နယ်မြေအတွင်းမှာ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ကနေ ဩဂုတ်လ ၂ ရက်နေ့အတွက် နိုင်ငံခြားသားရှစ်ဦးအပါအဝင် တင်ပြပါအတိုင်း ယာဉ်ယန္တရား

များကို ဖမ်းဆီးရမိခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်အနေနဲ့ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ရှဒူဇွပ်ကျေးရွာအနီးပတ်ဝန်းကျင်မှာ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ ကစပြီး KIA အကြမ်းဖက်လက်နက်ကိုင်အဖွဲ့နဲ့ အကြိမ်ကြိမ်တိုက်ခိုက်မှုများပြုလုပ်ခြင်းကြောင့် တိုက်ပွဲများ ဖားကန့်နဲ့ တနိုင်းဒေသမှာ စတင်ဖြစ်ပွားခဲ့ရခြင်းဖြစ်ပါတယ်။ ဟူးကောင်းချိုင့်ဝှမ်းဒေသ အတွင်းနဲ့ ဖားကန့်မြို့နယ်တို့မှာလည်း KIA အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တွေနဲ့ ရွှေ၊ ပယင်း တူးဖော်ခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများအသုံးပြုပြီး တရားမဝင်တူးဖော်ထုတ်လုပ်ခဲ့ကြပါ တယ်။ ဒါကြောင့် ပုဒ်မ ၁၄၄ ထုတ်ပြန်ပြီး ကာကွယ်ဖို့ ၁၉-၅-၂၀၁၇ ရက်နေ့မှာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဟာ ကချင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။ ၅-၆-၂၀၁၇ ရက်နေ့ မှာ တိုင်းမှူးနဲ့ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များနဲ့ လွှတ်တော် ကိုယ်စားလှယ်တို့ပါဝင်တဲ့အဖွဲ့ အဲဒီဒေသကို ရဟတ်ယာဉ်နဲ့ နေ့ချင်းပြန်သွားရောက်ခဲ့ပါတယ်။ KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေနဲ့ တပ်မတော်က နယ်မြေရှင်းလင်းရေးဆောင်ရွက်လာပါက အကြမ်းဖက်ပြန်လည်တိုက်ခိုက်ရန်အတွက် ဒေသခံပြည်သူများနဲ့ ရွှေ့ပြောင်းလုပ်သားများကို လူသားတံတိုင်းအဖြစ် အသုံးပြုရန် ကြံစည်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းရရှိခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ဒေသခံပြည်သူတွေရဲ့လုံခြုံရေးနှင့်အကျိုးစီးပွားကို မထိခိုက်စေရေး၊ ရွှေ့ပြောင်း လုပ်သားများ နေရပ်သို့ချောမွေ့စွာပြန်နိုင်ရေးအတွက် အဆိုပါဒေသအတွင်းမှ အချိန်မီထွက်ခွာ နိုင်စေရန် အကြောင်းကြားစာများကို ရဟတ်ယာဉ်ပေါ်မှ ကြဲချပြီး ကြိုတင်အသိပေး အကြောင်းကြားခဲ့ ပါတယ်။ ဒီလိုအသိပေးအကြောင်းကြားခဲ့လို့လည်း အဲဒီဒေသကနေပြီးတနိုင်းဘက်သို့ လူဦးရေ ၆၁၈၄ ဦး ဘေးမဲ့ရာသို့ထွက်ခွာနိုင်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ပြည်သူလူထုဘေးကင်းရာကိုထွက်ခွာစေ ပြီးမှ နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ယခု Power Point မှာတင်ပြ ထားတဲ့ တရားမဝင်မှော်တွေဟာ နိုင်ငံတော်အတွက် အခွန်အကောက်မရသလို သဘာဝပတ်ဝန်းကျင် နဲ့ သယံဇာတများအကြီးအကျယ် ပျက်စီးဆုံးရှုံးနစ်နာစေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်ရဲ့သယံဇာတပစ္စည်းအားလုံးရဲ့ ပင်ရင်းပိုင်ရှင်ဟာ နိုင်ငံတော်ဖြစ်ပါတယ်။ နိုင်ငံဘဏ္ဍာငွေတွေကို ပင်ရင်းပိုင်ရှင်ဖြစ်တဲ့ နိုင်ငံတော်ကမရဘဲ အဖွဲ့အစည်းတစ်ခုအနေနဲ့ တရားမဝင်လက်နက်ဆွဲကိုင်ကာ ၎င်းတို့ရေရှည်ရပ်တည်နိုင်ရန်အတွက် ဆက်ကြေးအဖြစ်ရယူနေခြင်း ဟာ နိုင်ငံတော်ကို အဖျက်အမှောက်လုပ်ငန်းများလုပ်ဆောင်ဖို့အတွက် သက်ဆိုးရှည်နေခြင်းဖြစ်ပါ တယ်။ ဒီတရားမဝင်မှော်တွေကနေ KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေနဲ့ ဆက်ကြေးကို

တစ်နှစ်ကျပ်သိန်းပေါင်း ၂၈၉၀၀ ခန့်ရရှိခဲ့ပါတယ်။ ဒီဆက်ကြေးငွေတွေနဲ့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းမရှိဘဲနဲ့ လက်နက်ခဲယမ်းနဲ့ အခြားလိုအပ်တဲ့ပစ္စည်းတွေကို ဝယ်ယူဖြည့်တင်းပြီး နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အပေါ် တုံ့ပြန်တိုက်ခိုက်ရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းအပြင် ၎င်းတို့ခေါင်းဆောင်အသိုင်းအဝိုင်းရဲ့မိသားစုအပါအဝင် ၎င်းတို့ရဲ့အကျိုးစီးပွားများကို တရားမဝင်ထောက်ပံ့နေရခြင်းများလည်းဖြစ်ပါတယ်။ ဒါ့အပြင် တရားမဝင်ရရှိတဲ့ငွေကြေးနဲ့ တရားမဝင်လက်နက်ကိုင်ဆောင်ရမှုအပေါ် သာယာပြီးတော့ ငြိမ်းချမ်းရေးရယူလိုခြင်းမရှိဘဲ NGO လက်မှတ်ရေးထိုးခြင်းမပြုတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြထားတဲ့ တရားမဝင် တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းဟာလည်း ဒီနယ်မြေမှာ တရားဥပဒေမစိုးမိုးလို့ပဲဖြစ်ပါတယ်။ KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေနဲ့ အစိုးရပြည်သူလူထုနဲ့တပ်မတော်အပေါ် အဖျက်အမှောက်လုပ်ငန်းများလုပ်ကိုင်ပြီး ဒေသခံနဲ့ရွှေ့ပြောင်းလုပ်သားများကို လူစုဆောင်းခြင်း၊ ဒေသခံပြည်သူများနဲ့ တရားမဝင်လာရောက်နေထိုင်သူများအပေါ်မှာ ဆက်ကြေးအဖြစ်ကောက်ယူနေခြင်းဖြင့် နိုင်ငံတော်ကိုဆန့်ကျင်တာ၊ အဖျက်အမှောက်၊ တရားဥပဒေမဲ့နိုင်လိုမင်းထက်ပြုချက်ကြီးများကို ဆောင်ရွက်ခဲ့ကြပါတယ်။ အင်ဂါးဂါးဒေသမှာဆိုရင် KIA အကြမ်းဖက်သောင်းကျန်းသူအနေနဲ့ ဥပဒေမဲ့လုပ်ရပ်အဖြစ် တရားမဝင်လက်နက်ကိုင်ဆောင်ကာ ၎င်းတို့တရားမဝင်အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် အုပ်ချုပ်ရေးမှူးရုံး၊ အချုပ်ခန်း၊ ရိက္ခာဂိုဒေါင်၊ ဆေးပေးခန်းများဖွင့်လှစ်ကာ တရားမဝင်အုပ်ချုပ်ရေးလုပ်ငန်းများဝင်ရောက်လုပ်ကိုင်လျက်ရှိပါတယ်။ ဒီလိုတရားမဝင်လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့နေရာကို နိုင်ငံတော်အဆင့်နဲ့ ပြည်နယ်အဆင့်သက်ဆိုင်ရာအဖွဲ့အစည်းဝင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေဟာ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက်သော်လည်းကောင်း၊ တရားမဝင်လုပ်ကိုင်နေတာကို တရားဝင်ဖြစ်အောင်လုပ်ကိုင်ရန်အတွက်သော်လည်းကောင်း ဘယ်လိုကွင်းဆင်းသွားရောက်ကာ တိုင်းတာဆောင်ရွက်ကြမလဲ။ အဆိုရှင်နဲ့ထောက်ခံသူများဆွေးနွေးခဲ့သလို တပ်မတော်မပါဘဲ သောင်းကျန်းသူလို့သတ်မှတ်ထားတဲ့သူတွေနဲ့ ဘယ်လိုအပေးအယူ နှုတ်ကတိနဲ့လုပ်ကြမှာလဲ။ အစိုးရဝန်ထမ်းတွေအနေနဲ့ သွားရောက်ရန်အန္တရာယ်ရှိတဲ့နေရာတွေ ဖြစ်လာပါတယ်။ တပ်မတော်မပါဝင်ဘဲ တရားမဝင်လက်နက်ကိုင်အဖွဲ့ဝင်တွေရှိတဲ့ ဒီလိုဒေသမျိုးကို ဘယ်လိုမှတည်ငြိမ်အောင် ကြပ်မတ်ဆောင်ရွက်နိုင်တဲ့အခြေအနေမရှိတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးမရရှိဘဲနဲ့ ဘယ်လိုမှမဖြစ်နိုင်တာတွေကို အကြမ်းဖက်သောင်းကျန်းသူလို့သတ်မှတ်ထားသူများနဲ့ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဘယ်လိုများ တရားဝင်ဆက်သွယ်ကြမလဲ။

**မူကြမ်း**

ဘယ်လိုလုပ်ဆောင်ရွက်ကြမလဲဆိုတာကို ဥပဒေကြောင်းအရ ရှင်းရှင်းလင်းလင်းဖြစ်ရန် လိုအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ အဆိုရှင်ရဲ့လိုလားချက်ဖြစ်တဲ့ ပြည်ထောင်စုအစိုးရမှ ထိထိရောက်ရောက် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ပေးရန်မှာ အဆိုပါနယ်မြေအား တရားဥပဒေစိုးမိုးပြီး ဒေသခံပြည်သူများ ဥပဒေရဲ့အကာအကွယ်အောက် ရောက်ရှိစေရေးပဲဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကအပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်များအရ ပြည်သူလူထုရဲ့အသက်အိုးအိမ်ကို မထိခိုက်စေဘဲ KIA အကြမ်းဖက်သောင်းကျန်းသူများရဲ့ တရားမဝင် ဥပဒေမဲ့လုပ်ရပ်များ ရပ်တန့်စေရန်အတွက် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို အမိန့်ရမှ၊ အမိန့်ပေးမှ လုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ ဥပဒေနဲ့အညီ တာဝန်သိသိဖြင့် နိုင်ငံတော်အစိုးရအား အားဖြည့်ကူညီ ဆောင်ရွက်နေခြင်းသာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ကတော့ ဥပဒေနဲ့အညီလုပ်ဆောင်ချက်များကို ဟန့်တားနှောက်ယှက်သူ၊ ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်နေသူ၊ နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ အကျိုးစီးပွားကိုဖျက်ဆီးနေသူ၊ သဘာဝပတ်ဝန်းကျင်ကိုပျက်စီးစေသူ၊ ငြိမ်းချမ်းရေးကိုမလိုလားသူများကိုတော့ ဖွဲ့စည်းပုံပါအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှင်းလင်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးလင်းလင်းဦး၊ တနိုင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးရဲ့ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်နေမှုများကို ယခုလို နောင်အခါမဖြစ်ရ

အောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက်ကြပ်မတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းကနေပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ အခုအဆိုကို ပြည့်ပြည့်စုံစုံဖြေကြားသွားတဲ့၊ အကြံပြုသွားတဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ကျေးဇူးအထူး တင်ရှိပါကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ ခင်ဗျား။ ကျောက်မျက်သယံဇာတပေါကြွယ်ဝတဲ့မြန်မာနိုင်ငံမှာ ကျောက်မျက်ရတနာနယ်မြေများကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူခွင့်ပြုချက်များနဲ့ ယခင် သတ္တုတွင်းဝန်ကြီးဌာန ယခု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာများ ထုတ်ပြန် သတ်မှတ်ခဲ့ပါတယ်။ ယခုအချိန်အထိ သတ်မှတ်ထားတဲ့ ကျောက်မျက်ရတနာနယ်မြေများမှာ ကျောက်စိမ်းထွက်ရှိတဲ့ လုံးခင်း၊ ဖားကန့်၊ ခန္တီး၊ မော်လူး-မော်ဟန် ရတနာနယ်မြေများနဲ့ ပတ္တမြား၊ နီလာ စတဲ့ ကျောက်မျက်များထွက်ရှိတဲ့ မိုးကုတ်နဲ့ မိုင်းရှူးရတနာနယ်မြေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပယင်းရတနာကို ပတ္တာဘွန်ဒေသနဲ့ တနိုင်းဒေသများမှာ တူးဖော်ထုတ်လုပ်ခဲ့ပါတယ်။ ပတ္တာဘွန် ဒေသဟာ ခန္တီးရတနာနယ်မြေအတွင်းမှာ ပါဝင်သော်လည်းပဲ တနိုင်းဒေသဟာ မည်သည့်ရတနာ နယ်မြေအတွင်းမျှ ပါဝင်ခြင်းမရှိဘဲ ရတနာနယ်မြေပြင်ပမှာရှိပါတယ်။ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ် မိုင်းခွန်/နန့်ဖြူဒေသမှာ ရွှေသတ္တုထွက်ရှိတဲ့အတွက် ရွှေသတ္တုအသေးစားထုတ်လုပ်မှုများလည်း ဆောင်ရွက်နေပါတယ်။

သို့သော်လည်း တနိုင်းဒေသမှာ ရွှေထွက်ရှိတဲ့ မိုင်းခွန်/နန့်ဖြူနေရာများနဲ့ ပယင်းထွက်ရှိတဲ့ နန်မဖြူထန်းပရား၊ နွယ်ဂျီဘွမ်နေရာများမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက လှုပ်ရှားနေတဲ့နေရာများဖြစ်တဲ့အပြင် တရားဥပဒေစိုးမိုးမှုနဲ့ တရားဥပဒေနဲ့သက်ရောက်မှုနည်းပါးတဲ့ အခြေအနေများရှိတဲ့အတွက် မြန်မာ့သတ္တုတွင်းဥပဒေ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေတို့နဲ့ တားမြစ်အရေးယူရာမှာ ကန့်သတ်ချက်များအဖြစ် ရှိနေပါတယ်။ ကချင်ပြည်နယ်၊ တနိုင်းဒေသဟာ ရတနာနယ်မြေပြင်ပမှာကျရောက်နေတဲ့အတွက် ဒေသခံများနဲ့ရွှေပြောင်းရောက်ရှိပြီး ပယင်းတူးဖော် မှုများကို ကျောက်မျက်ရတနာအသေးစားနဲ့ လက်လုပ်လက်စားလုပ်ငန်းများအနေနဲ့ ပယင်းတူးဖော်ခွင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်မှာ ပြင်ဆင်တဲ့ဥပဒေနဲ့အညီလည်းကောင်း၊ ရွှေသတ္တုအသေးစားနဲ့ လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခွင့်ကို မြန်မာ့သတ္တုတွင်းဥပဒေကို

ပြင်ဆင်တဲ့ဥပဒေနဲ့အညီလည်းကောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့က လုပ်ကိုင်ခွင့်ပြုခြင်းအားဖြင့် တရားမဝင်တူးဖော်မှုများ လျော့နည်းသွားမယ့်အခြေအနေဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ နယ်မြေဒေသလုံခြုံရေးဟာ ဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပြီးတော့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁)ရာစုပင်လုံမှာလည်းပဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးပါဝင်ပြီး တစ်နိုင်ငံလုံး ပစ်ခတ်ရပ်စဲရေးသဘောတူညီချက်(NCA)ကို လက်မှတ်ရေးထိုးနိုင်ဖို့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် ဆွေးနွေးညှိနှိုင်းပြီး ကြိုးပမ်းလျက်ရှိပါတယ်။

သို့ပါ၍ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်မှာ ကျောက်မျက်ရတနာအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းများအနေနဲ့ ပယင်းတူးဖော်ခွင့်၊ ရွှေသတ္တုအသေးစားနဲ့ လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခွင့်များကို ကချင်ပြည်နယ်အစိုးရအဖွဲ့က တရားဝင်လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် တရားမဝင်ရွှေနှင့် ပယင်းတူးဖော်မှုများ နောင်တွင်ဖြစ်ပွားခြင်းမရှိစေဖို့ ဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ မြန်မာ့ကျောက်မျက်ရတနာဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ကချင်ပြည်နယ်အစိုးရအဖွဲ့နဲ့လိုအပ်တဲ့ ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်းနှင့် ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုကို အတည်ပြုပေးနိုင်ပါရန် ကျွန်တော် လေးစားစွာဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးလင်းလင်းဦး(တနိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ အဆိုတင်စဉ်မှာလည်း အဆိုပါအကြောင်းအရာများကို တိတိကျကျဖော်ပြထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်ရဲ့သယံဇာတဆုံးရှုံးမှုမရှိအောင်၊ တိုင်းပြည်ရဲ့ဘဏ္ဍာငွေ လေလွင့်မှုမရှိအောင် ဥပဒေကြောင်းအတွင်းမှာရှိတဲ့ အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အားလုံးက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပါရန်အတွက် ကျွန်တော့်ရဲ့အဆိုအား လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးလင်းလင်းဦး၊ တနိုင်းမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ရှစ်ဦးက ဆွေးနွေးပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်

ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါကြောင့် အဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးလင်းလင်းဦး တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို ၁၂း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄) ရက်မြောက်နေ့ (၁၄.၈.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



**ဦးဘိုကြီး**
**(ချောက် မဲဆန္ဒနယ်)**



**ဒေါက်တာဦးစော်နိုင်**
**(တောင်ဥက္ကလာပ မဲဆန္ဒနယ်)**



**ဦးဝင်းအောင်**
**(မိုးမောက် မဲဆန္ဒနယ်)**



**ဦးနေလင်းထွန်း**
**(ဘုတ်ပြင်း မဲဆန္ဒနယ်)**



**ဦးတင်လှ**
**(ဓနုဖြူ မဲဆန္ဒနယ်)**



**ဦးပါထန်း**
**(မတူပီ မဲဆန္ဒနယ်)**



**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး)**
**ပညာရေးဝန်ကြီးဌာန**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်